
Climate Smart Rice

# ရာသီဥတုနှင့် လိုက်လျောညီထွေသော စပါးစိုက်ပျိုးထုတ်လုပ်မှုစီမံကိန်း

## Climate Smart Rice/ Water Productivity Project

# ရေရှည်တည်တံ့ခိုင်မြဲသော စပါးစိုက်ပျိုးထုတ်လုပ်မှု (SRP) စံချိန်စံညွှန်း




(၁) စိုက်ခင်းစီမံခန့်ခွဲမှု

(၂) ရာသီအကြိုပြင်ဆင်ခြင်း

(၃) ရေအသုံးချမှု

(၄) အပင်အဟာရ စီမံခန့်ခွဲခြင်း

(၅) ဘက်စုံပိုးမွှား ကာကွယ်နှိမ်နင်းခြင်း

(၆) ရိတ်သိမ်းချိန်နှင့် ရိတ်သိမ်းချိန်လွန် နည်းပညာ

(၇) ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှု

(၈) အလုပ်သမား အခွင့်အရေး

HELVETAS MYANMAR
PRIME
SRP Sustainable Rice Platform
UN environment programme

## SRP ဆိုတာ ဘာလဲ?

- SRP ဆိုတာ စပါးစိုက်ပျိုးရာတွင် ပိုမိုအကျိုးရှိစွာ အသုံးချနိုင်ရေးနဲ့ ရေရှည်တည်တံ့ ခိုင်မြဲရေးကို အရှိန်မြှင့်တင် ဖို့အတွက် ကမ္ဘာစုံမှ အဖွဲ့ဝင်များစုပေါင်းထားတဲ့ မဟာမိတ်အဖွဲ့ တစ်ခုဖြစ်ပါတယ်။
- တောင်သူတွေအပေါ် အကျိုးသက်ရောက်မှုရှိမယ့် စီးပွားရေး၊ လူမှုရေးနဲ့ ပတ်ဝန်းကျင်ဆိုင်ရာ အခန်းကဏ္ဍတွေ ပါဝင်ပါတယ်။
- SRP အသိအမှတ်ပြုလက်မှတ် ရစေဖို့နဲ့ ရေရှည်တည့်တံ့ခိုင်မြဲရေးအတွက် စစ်ဆေးမှု အောင်မြင်စေရန်အတွက် အောက်ပါ အချက်များကို မသိမဖြစ်သိစေရန် ကြိုးစားရပါမည်။
- SRP စံချိန်စံညွှန်းနှင့် လိုအပ်ချက်များ
- SRP စစ်ဆေးစမ်းသပ်မှုပုံစံ

## ဘာကြောင့် SRP ကိုရွေးချယ်ရတာလဲ?

- ပိုမိုကောင်းမွန်တဲ့ စိုက်ပျိုးထုတ်လုပ်မှု (Good Agricultural Practices)
- ပိုမိုဘေးကင်းလုံခြုံတဲ့ ထုတ်လုပ်မှု
- ပတ်ဝန်းကျင်ကို ပျက်စီးစေမှု လျော့ကျစေခြင်း
- ပိုမိုကောင်းမွန်တဲ့ လုပ်ကိုင်နိုင်မှု အခြေအနေများ
- ဆန်အရည်အသွေး ပိုမိုကောင်းမွန်စေခြင်း - ဆန်စက်များအတွက်ပါ အကျိုးဖြစ်စေပါသည်။
- ဝယ်ယူသူများမှ ရေရှည်တည်တံ့ခိုင်မြဲမှုကို တောင်းဆိုလာခြင်း - ဈေးကွက်ချိတ်ဆက်နိုင်မှုနှင့် တန်ဖိုးမြင့်တက်လာခြင်း

## SRP စံချိန်စံညွှန်း၏ အနှစ်သာရနှင့် လိုအပ်ချက်များ

### စိုက်ခင်း စီမံခန့်ခွဲမှု
- စိုက်ပျိုးရေး ပြက္ခဒိန်
- ကွင်းလုပ်ငန်းမှတ်တမ်း
- သင်တန်း

### ရာသီအကြို ပြင်ဆင်မှု
- အန္တရာယ်များသော ဓာတုဓာတ်ကြွင်းများ
- ဆားပေါက်ခြင်း
- မြေပြုပြင်ပြောင်းလဲခြင်း နှင့် ဇီဝမျိုးစိတ်များ
- ကျူးကျော်လာသော မျိုးစိတ်များ
- မြေညှိခြင်း

### ရေအသုံးချမှု
- ရေစီမံခန့်ခွဲခြင်း
- ကျေးရွာအုပ်စုအဆင့် ရေသွင်းစနစ်
- စိုက်ပျိုးရေး အရည်အသွေး
- မြေအောက်ရေ စစ်ထုတ်ခြင်း
- ရေထုတ်ခြင်း

### အပင်အဟာရ စီမံခန့်ခွဲမှု
- အပင်အဟာရ စီမံခန့်ခွဲမှု (အော်ဂဲနစ်မြေဩဇာ (သို့) ဓာတ်မြေဩဇာ)
- အော်ဂဲနစ်မြေဩဇာ ရွေးချယ်မှု
- ဓာတ်မြေဩဇာ ရွေးချယ်မှု

### ဘက်စုံ ဖျက်ပိုးများနှိမ်နင်းခြင်း
- ပေါင်းနှိမ်နင်းခြင်း
- ပိုးမွှားနှိမ်နင်းခြင်း
- ရောဂါနှိမ်နင်းခြင်း
- ခရုနှိမ်နင်းခြင်း
- ကြွက်နှိမ်နင်းခြင်း
- ငှက်နှိမ်နင်းခြင်း

### ရိတ်သိမ်းခြင်းနှင့် ရိတ်သိမ်းချိန်လွန်
- အချိန်ကိုက် ရိတ်သိမ်းမှု
- ရိတ်သိမ်းကိရိယာများ
- အခြောက်ခံချိန်
- အခြောက်လှန်းနည်းစနစ်များ
- စပါးသိုလှောင်မှု
- စပါးရိုးပြတ်များ
- ကောက်ရိုးများ

### ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှု
- လုံခြုံရေး အညွှန်းများ
- စိုက်ပျိုးရေးသုံး ကိရိယာများ
- ပိုးသတ်ဆေးဖြန်းနည်း သင်တန်း
- တကိုယ်ရေ အကာအကွယ်များ
- ဆေးကြောခြင်းနှင့် လဲလှယ်ခြင်း
- ဆေးဖြန်းပက်သူအတွက် သတ်မှတ်ချက်များ
- ဓာတုဆေးများ သိုလှောင်မှု
- ဆေးဘူးအခွံများ ဖျက်စီးခြင်း

### အလုပ်သမား အခွင့်အရေး
- ကလေးလုပ်သားများနှင့် လူငယ်များကို ခိုင်းစေခြင်း
- ဘေးအန္တရာယ်များသောလုပ်ငန်း
- ကလေးငယ်များနှင့် ပညာရေး
- ဖိအားပေး၍ ခိုင်းစေခြင်း
- ခွဲခြားဆက်ဆံခြင်းများ
- အဖွဲ့အစည်းပိုင်းဆိုင်ရာ လွပ်လပ်ခွင့်
- လုပ်ခလစာ

## အခန်း (၁)

# စိုက်ခင်းစီမံခန့်ခွဲမှု

## ကောင်းမွန်သော စိုက်ခင်းစီမံခန့်ခွဲမှု၏ အရေးပါပုံ

1) တောင်သူများအတွက် သီးနှံစိုက်ပျိုးမှုပုံစံကို တိကျစွာ၊ ပိုမိုအကျိုးရှိစွာ ကြိုတင် အစီအမံ ရေးဆွဲနိုင်ရန် အကူအညီပေးခြင်း

2) ရလာဒ်များ၊ ကုန်ကျစရိတ်များ၊ အသုံးပြုပစ္စည်းများနှင့် လိုအပ်ချက်များ သိစေရန် ကွင်းဆင်းစစ်ဆေးမှုကို အားပေးမှု

3) SRP စံချိန်စံနှုန်းများကို လိုက်လံဆောင်ရွက်ရာတွင် ကြုံတွေ့နိုင်သော အလားအလာရှိသည့် စိန်ခေါ်မှုများကို မြင်သာစေနိုင်ပါသည်။

4) ကုန်ထုတ်လုပ်မှု၊ ဈေးကွက်ထိုးဖောက်နိုင်မှုနှင့် အကျိုးအမြတ်ရရှိစေမှု စသည်တို့ကို အကျိုးသက်ရောက်နိုင်သော သွင်းအားစုများကို ပိုမိုအကျိုးရှိစွာ အသုံးချနိုင်စွမ်းကို မြှင့်တင်ပေးခြင်း

5) တိတိကျကျ မှတ်သားထားတဲ့ ကွင်းလုပ်ငန်းများ၊ အသုံးပြုသော သွင်းအားစုများ၊ ကုန်ကျစရိတ်များနဲ့ ရလာဒ်တွေက နောက်နှစ်အတွက် အစီအမံရေးဆွဲရာမှာ အသုံးဝင်ပါလိမ့်မယ်။


## လိုအပ်ချက် ၁ - သီးနှံပြက္ခဒိန်

1) ရာသီမစခင် ကြိုတင် ပြင်ဆင်ထားရပါမယ်။ ကိုယ့်မြေကိုယ်ရေနဲ့ ကိုက်ညီမှုရှိအောင် ပြင်ဆင်နိုင်ပါတယ်။ (ရာသီဥတု၊ ဖျက်ပိုးများ)

2) အဓိကလုပ်ဆောင်ရမည့် လုပ်ငန်းများအချိန်ဇယား (ဥပမာ မြေပြင်ခြင်း ၊ စိုက်ပျိုးခြင်း ၊ ရိတ်သိမ်းခြင်း)

3) လုပ်ဆောင်မယ်လုပ်ငန်းစဉ်တွေနဲ့ ခန့်မှန်းရက်စွဲ၊ အမှန်တကယ် ဆောင်ရွက်တဲ့ရက်စွဲတွေ ပါဝင်ရပါမယ်။

4) အဓိက မြေဩဇာကျွေးရမည့် အချိန်ဇယား (ဥပမာ-အကြိမ်ခွဲ၍ ကျွေးခြင်း) ရေကိုစီမံခန့်ခွဲမှုလုပ်ငန်းများ



## လိုအပ်ချက် ၂ - ကွင်းမှတ်တမ်းများ သိမ်းဆည်းခြင်း

**(၁) အခြေခံအချက်အလက်များ**

(လယ်သမားများကိုယ်တိုင်ကောက်ခံထားသော အချက်များ)

၁။ လယ်ကွက်ဧရိယာ

၂။ မျိုး

၃။ သွင်းအားစု ကုန်ကျစရိတ်

၄။ မြေပြင်နေစဉ်နှင့် မြေပြင်ပြီး အချိန်များတွင် ရေသွင်း၊ ရေထုတ် အကြိမ်ရေ

၅။ မြေဩဇာသုံးစွဲမှု (အကြိမ်အရေအတွက်၊ ပမာဏ၊ ဓာတ်မြေဩဇာ/ သဘာဝမြေဩဇာ)

၆။ ပိုးသတ်ဆေး သုံးစွဲမှု (အကြိမ်အရေအတွက်)

၇။ စပါးအထွက် ပမာဏ

၈။ ရောင်းရသော စပါးဈေးနှုန်း

**(၂) အလယ်အလတ်အချက်အလက်များ**

(တခြားပြင်ပမှ ကောက်ခံထားသော)

၁။ ပိုမိုအသေးစိတ် မှတ်သားမှု

၂။ ပိုမိုတိကျသော အချက်များ

၃။ ရေစီမံခန့်ခွဲမှု (ဥပမာ-ရေပမာဏ၊ စုစုပေါင်းမိုးရေချိန်၊ ရေမြုပ်ရက်ပေါင်း၊ ခန်းခြောက်ရက်နှင့် ကြာချိန်)

၄။ မြေစီမံခန့်ခွဲမှု (ဥပမာ-ထည့်သွင်းသော မြေဩဇာတွင် N နှင့် P ပါဝင်မှု၊ မြေကြီးအတွင် မြေဆွေးပါဝင်မှုပမာဏ)

၅။ ဖျက်ပိုးများ စီမံခန့်ခွဲမှု (ဥပမာ-ဖျက်ဆီးမှု ပမာဏ၊ ဆေးဝါးသုံးစွဲမှုမှတ်တမ်း)

၆။ အခြားအချက်အလက်များ




## လိုအပ်ချက် ၃ - သင်တန်းများ

SRP သင်ကြားမှုစနစ်

SRP

SRP အသိအမှတ်ပြုထားသော သင်တန်းဆရာများ

SRP မှ အသိအမှတ်ပြုထားသော သင်ရိုးများ

SRP အသိအမှတ်ပြု သင်တန်းခေါင်းဆောင်များ (ToT)

ပြည်တွင်း သင်တန်း ခေါင်းဆောင်များ

SRP သင်တန်းများ တက်ရောက်ခြင်း

တောင်သူများ "ကိုယ့်ကိုကိုယ် အကဲဖြတ်နိုင်ရန်" ကူညီခြင်း

## အခန်း (၂)

# ရာသီအကြိုပြင်ဆင်မှု

## ကောင်းမွန်သော ရာသီအကြိုပြင်ဆင်မှု လုပ်ငန်းစဉ်၏ အရေးပါမှု



1) မျိုးကောင်းမျိုးသန့် ရရှိရေး
မျိုးကောင်းမျိုးသန့်များနှင့် ကောင်းမွန်သောမြေသည် စပါးအရည်အသွေးနှင့် အထွက်နှုန်း တက်စေရန်အတွက် အရေးကြီးပါသည်။




2) ရာသီအကြိုပြင်ဆင်မှု ကောင်းလျှင် ထည့်သွင်းရသည့် သွင်းအားစုများ၏ အကျိုးရှိမှု မြှင့်တက်လာပါမည်။ (ဥပမာ - မျိုးစေ့များ၊ မြေဩဇာများ စသည်)



3) ရာသီအကြိုပြင်ဆင်မှုဟာ ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းခြင်း၏ ကြိုတင်ကာကွယ်မှု တစ်စိတ်တစ်ပိုင်းပင်ဖြစ်ပါသည်။

## အန္တရာယ်ရှိသော ဓာတုဓာတ်ကြွင်းများ ကျရောက်နိုင်တာကို ဘယ်လိုသိရှိနိုင်မလဲ?






| နည်းလမ်းများ | အားသာချက် | အားနည်းချက် |
|---|---|---|
| စိုက်မြေမှာ အဆိပ်သင့်နိုင်မှုကို SRP မှ ထုတ်ထားသည့် သတိထားရန် အချက်များ စာရင်းကို အခြေခံပြီး အဖွဲ့လိုက် ဘေးအန္တရာယ်ကို စစ်ဆေးခြင်းကို ဆောင်ရွက်နိုင်ပါတယ်။ | တောင်သူ တစ်ဦးချင်း (သို့) အဖွဲ့ လိုက်ဖြစ်စေ တိုက်ရိုက် စစ်ဆေး မေးမြန်းခြင်း ပြုလုပ်နိုင်ပါတယ်။ | ဘေးသင့်မှု အန္တရာယ်ကို တိတိကျကျ တွက်ချက် တိုင်းတာ ဖော်ပြနိုင်ခြင်း မရှိပါ။ |
| အဖွဲ့လိုက်ဖြစ်စေ၊ မြို့နယ်အလိုက်ဖြစ်စေ မြေနမူနာပို့၍ ဓါတ်ခွဲ စမ်းသပ်ခြင်း။ | တိကျ ခိုင်မာသော အဖြေရရှိနိုင်ခြင်း။ | ဓါတ်ခွဲခန်း အရေအတွက်နည်းနေသေးသည့်အတွက် အချိန်ကြာခြင်းနှင့် ကုန်ကျစရိတ်များခြင်း။ |
| ကြိတ်ခွဲ၍ ရရှိလာသော ဆန်ကို ဓါတ်ခွဲစမ်းသပ်ခြင်း။ | တိကျ ခိုင်မာသော အဖြေရရှိနိုင်ခြင်း။ | ကုန်ကျစရိတ် များနိုင်ခြင်းနှင့် စမ်းသပ် မပြီးမချင်း ၎င်းဆန်များကို သပ်သပ် ခွဲ၍ သိုလှောင်ထားရခြင်း။ |

## လိုအပ်ချက် ၄ - အန္တရာယ်ရှိသော ဓာတုဓာတ်ကြွင်းများ

1) ကြိတ်ခွဲပြီးသောစပါးများသည် ဓာတုဓာတ်ကြွင်းများ ကင်းစင်ရမည်။

2) မြေကြီးနှင့် ရေတွင် ဓာတုဓာတ်ကြွင်းများ ပါဝင်နိုင်ခြေရှိမရှိကို SRP အဖွဲ့မှ ထုတ်ထားသည့် သတိထားရန်အချက်များ စာရင်းဖြင့် မဖြစ်မနေ စစ်ဆေးရပါမည်။

**ဓာတ်ကြွင်းအာနိသင်များ ကျရောက်နိုင်ခြေရှိပါက -**

1) အာဆင်နစ်၊ ကယ်မီယမ်၊ ခရိုမီယမ်၊ မာကျူရီ နှင့် ခဲဓာတ်စသော အန္တရာယ်များသော ဓာတုဓာတ်ကြွင်းများမှ မြေဆီလွှာအဆိပ်အတောက်ပျံ့နှံ့မှု ပမာဏကို ဓာတ်ခွဲစစ်ဆေးပါ။

2) အနည်းဆုံး ငါးနှစ်တစ်ခါ အဆိပ်ပျံ့နှံ့ထားသော မြေများကို အဖွဲ့လိုက်မြေဆီလွှာစစ်ဆေးမှုပြုလုပ်ရမည်။

3) မြေဆီလွှာကို ပြန်လည်ကုသသည့်နည်းများ ဆောင်ရွက်ရမည်။

## လိုအပ်ချက် ၅ - ဆားဓါတ်ပါဝင်ခြင်း

1) စိုက်ပျိုးမြေတွင် ဆားဓာတ် (မြေဆီလွှာ 3dS/cm (သို့) ရေ 5g/l (ရေ ၁ လီတာတွင် ဆားလက်ဖက်ရည်ဇွန်း ၁ ဇွန်း) ထပ်မကျော်လွန်ရ

2) မြေကြီးနှင့် ရေတွင် ဆားဓာတ်များ ပါဝင်နိုင်ခြေရှိမရှိကို SRP အဖွဲ့မှ ထုတ်ထားသည့် သတိထားရန် အချက်များ စာရင်းဖြင့် မဖြစ်မနေ စစ်ဆေးရပါမည်။

**မြေဆီလွှာတွင် ဆားပါဝင်နိုင်ခြေရှိပါက -**

1) ဆားငံဒဏ်ခံ မျိုးများကိုရွေးချယ်အသုံးပြုခြင်း

2) စိုက်ခင်းအတွင်းမှရေ၏ ဆားပါဝင်နှုန်းကို မျက်ခြေမပြတ် လေ့လာတိုင်းတာခြင်း

3) အလွန်အမင်း ဆားပေါက်ခြင်းနှင့် ရေအလွန်အကျွံ သွင်းခြင်းတို့ကို ရှောင်ရှားရန် သွင်းရေ ထုတ်ရေ ပမာဏနှင့် အချိန်ကို ချိန်ညှိခြင်း

4) ပညာရှင်များ၏ အကြံဉာဏ် ရယူပြီး လိုက်နာဆောင်ရွက်ခြင်း

## လိုအပ်ချက် ၆ - မြေပြုပြင်ပြောင်းလဲခြင်း နှင့် ဇီဝမျိုးစိတ်များ

1) ၂၀၀၉ နောက်ပိုင်း ကာကွယ်တားဆီးထားသော ဒေသများဖြစ်သည့် အဓိကမျိုးစိတ်များရှင်သန်ရာဒေသများ ၊ Ramsar Sites (စိမ့်မြေအရပ်) ၊ မူလသစ်တော ၊ ဆင့်ပွားသစ်တော (မူရင်းဒေသ) ၊ သို့မဟုတ် တခြားဂေဟ စနစ်များနှင့် မြက်ခင်းလွင်ပြင် ဒေသကဲ့သို့ ဒေသများတွင် မြေဆီလွှာပြောင်းလဲခြင်းများမပြုလုပ်ရ။

လယ်ယာမြေများတွင် တောင်သူများအနေဖြင့် ဇီဝမျိုးစိတ်များကို ထိန်းသိမ်းခြင်း (သို့) နှင့် ပိုမိုတိုးတက် ကောင်းမွန်အောင် မြှင့်တင်ပေးသည့် လယ်ယာစိုက်ပျိုးမှု အလေ့အထများကို ဆောင်ရွက်ရပါမည်။

1) ဇီဝမျိုးစိတ်အမျိုးမျိုးမှာ -
- လယ်ကွင်းအတွင်း နေထိုင်သောမျိုးစိတ်များ
- လယ်ကွင်းနယ်နိမိတ်အတွင်းနေထိုင်သော မျိုးစိတ်များ
- ထွန်ယက်စိုက်ပျိုးသောမြေပြင်ပမှ မျိုးစိတ်များ
- အကျိုးပြုသော သဘာဝဘေးရန်သူများကို လက်ခံထားသော အပင်မျိုးစိတ်များ
- အပင်များ (ရိတ်သိမ်းပြီးပြန်စိုက်ပျိုးထားသော)

2) မိမိတို့ ကျင့်သုံးသော လယ်ယာစိုက်ပျိုးရေးနည်းစနစ် (သို့) အလေ့အထများသည်
- ဂေဟစနစ်လုပ်ငန်းစဉ်များကို ထိန်းသိမ်းပေးသော (သို့) ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပေးနိုင်သော အနေအထားဖြစ်ရပါမည်။

## လိုအပ်ချက် ၇ - ကျူးကျော်လာသော မျိုးစိတ်များ





1) ၂၀၀၉ မှစပြီး တောင်သူတစ်ဦးချင်း (သို့) အဖွဲ့လိုက် ကျူးကျော်မျိုးစိတ်များ တမင်တကာ တင်သွင်းလာခြင်း မပြုလုပ်ပါ။ (ဥပမာ-ကန်စွန်းရွက်များ၊ ခွေခရုများ)

## လိုအပ်ချက် ၈ - မြေညှိခြင်း

### မြေပြန့် (သို့) လှေခါးထစ် စိုက်ခင်းမြေ

မြေပြန့် (သို့) လှေခါးထစ်စိုက်ခင်းမြေတွင် ဆန်စပါးစိုက်ပျိုးပါက - မြေညှိခြင်းကို မဖြစ်မနေ ပြုလုပ်ရပါမည်။

**လေဆာစနစ်ဖြင့် မြေညှိပါက -**

1) မြေပြန့် (သို့) လှေခါးထစ် စိုက်ခင်းမြေကွက် ၁/၁၀၀၀ ထိ မြေညှိခြင်းများ ပြုလုပ်ပါ။


**သမရိုးကျစနစ်ဖြင့် မြေညှိပါက -**

2) လယ်ကွင်းများအတွင်း ရေဖြည့်ထားချိန်တွင် ကုန်းမြင့်နှင့် မြေနိမ့်ပိုင်း နှစ်မျိုးစလုံးတွင် ကောက်ပဲသီးနှံပင်များ အမြင့်သည် ညီညာမှု ရှိရမည်။ (ဥပမာ - မညီမညာ မှိုမောက်ခြင်း မဖြစ်ရ)

## လှေခါးထစ်စနစ်မရှိသော ကုန်းစောင်းမြေ

**လှေခါးထစ်စနစ်မရှိသော ကုန်းစောင်းမြေများတွင် ဆန်စပါးစိုက်ပျိုးပါက -**






1) ရုပ်ပိုင်းဆိုင်ရာနည်းဖြင့် မြေဆီလွှာကို ထိန်းသိမ်းစောင့်ရှောက်သည့် နည်းများ အသုံးပြုရပါမည်။ (ဥပမာ-ကွန်တိုစိုက်ခင်းများ၊ ရေတားဘောင်များပြုလုပ်ခြင်း)

2) စီးပွားဖြစ် မြေဆီလွှာထိန်းသိမ်းစောင့်ရှောက်သည့် နည်းများ အသုံးပြုသည်။ (ဥပမာ-ဖုံးအုပ်စိုက်ပျိုးခြင်း၊ မြေငွေ့ထိန်းသိမ်းစိုက်ပျိုးခြင်း)

## ခြောက်သွေ့မြေ (သို့) တောင်ယာမြေ

1) ခြောက်သွေ့မြေ (သို့) တောင်ယာမြေများတွင် စိုက်ပျိုးခြင်း (မိုးရေသောက်စိုက်ပျိုးခြင်း) တွင် မြေညှိရန် မလိုအပ်ပါ။

## လိုအပ်ချက် ၉ - မျိုးကောင်းမျိုးသန့်များ

1) အသုံးပြုသော မျိုးစေ့များသည် သန့်စင်ပြီး ပေါင်းများ၊ ပိုးမွှားများနှင့် ရောဂါများပါဝင်မှု မရှိရပါ။

2) မျိုးစေ့များသည် နိုင်ငံတော်ဥပဒေ စည်းမျဉ်းစည်းကမ်း အရ တရားဝင်အသိအမှတ်ပြု ထောက်ခံထားသော မျိုးစေ့များ ဖြစ်ရပါမည်။

3) **သန့်စင်သောမျိုးများ -**
- မျိုးစေ့များကို အရည်အသွေးသတ်မှတ်ရာတွင် မျိုးသန့်ဖြစ်ကြောင်း
- ပေါင်းကင်းစင်ကြောင်း
- မျိုးပေါက်နှုန်းစမ်းသပ်ထားကြောင်း
- ဘေးကင်းအောင်သိုလှောင်ထားကြောင်း၊ မှိုကင်းကြောင်းနှင့်
- အခြားလိုအပ်ချက်များ

4) **မိမိကိုယ်တိုင်စိုက်ပျိုးသော မျိုးစေ့များ**
- သိမ်းဆည်းရာတွင် မရိတ်သိမ်းခင်မိမိလယ်ကွင်းထဲတွင် (တခြားမျိုး ပင်များ ရောပေါက်နေမှု ကိုဖယ်ရှားရန်)
- မျိုးသန့်စင်ခြင်း
- ဘေးကင်း လုံခြုံသောနေရာတွင် သိမ်းဆည်းခြင်း
- ကိုယ်ပိုင်ထုတ်သောမျိုးများကို အသုံးပြုရာတွင် ၃ ရာသီထပ်ပိုမသုံးသင့်ပါ။

# အခန်း (၃)

# ရေအသုံးချခြင်း

## ရေကိုကောင်းမွန်စွာ အသုံးပြုခြင်း၏ အရေးပါပုံ

ဆန် ၁ ကီလို (သို့) ၆ဂ သား ထွက်ရှိလာဖို့အတွက် အနည်းဆုံး 3,000 လီတာ (792 ဂါလံ) လောက် အသုံးပြုရပါတယ်...

1) စပါးပင်က ရေအလွန် သောက်သုံးသော အပင်ဖြစ်တယ်။ ကျန်သီးနှံများနဲ့ ယှဉ်လျှင်ရေအသုံးပြုမှု အများဆုံးအပင်ဖြစ်တယ်။အခုအချိန်မှာတော့ တစ်ကမ္ဘာလုံးမှာ ရေရှားပါးမှု ပြဿနာဟာ မြင့်တက်လျက် ရှိနေပါတယ်။

2) မိရိုးဖလာ နည်းများမှာ စပါးခင်းများကို ရေတောက်လျှောက် လွှမ်းထားပြီး စိုက်ပျိုးကြ ပါတယ်။ ထိုစိုက်စနစ်က ဖန်လုံအိမ် ဓါတ်ငွေ့ အများအပြား ထုတ်လွှတ်လျက် ရှိပါတယ်။

3) စပါးစိုက်ပျိုးရာမှာ ရေကို ကောင်းမွန်စွာ စီမံခန့်ခွဲမှုက ရေအလဟသ ဆုံးရှုံးမှုကို လျှော့ချပေးနိုင်ပြီး ဖန်လုံအိမ် ဓါတ်ငွေ့ကိုလည်း သိသာစွာ လျှော့ချပေးနိုင်ပါတယ်။

## လိုအပ်ချက် ၁ဂ - ရေစီမံခန့်ခွဲမှု

SRP စံချိန်စံညွှန်း အတွင်းရှိ ရေစီမံခန့်ခွဲမှု စနစ် ၃ မျိုး ရှိပါသည်။
မိမိတို့နှင့် ကိုက်ညီသော စနစ်ကို မှန်ကန်စွာရွေးချယ်ပြီး လိုက်နာကျင့်သုံးဖို့ လိုပါသည်။

**1) မိုးရေသောက် စိုက်ပျိုးစနစ် (10.1)**

- ရေဖြန့်ဝေရေး စနစ်များ မရှိပါ။
- မြေအောက်ရေ အသုံးပြု၍ စိုက်ပျိုးခြင်း မရှိပါ။
- မြစ်ရေတင်၊ ချောင်းရေတင် စိုက်ပျိုးသောစနစ် မရှိပါ။

**2) ရေလွှမ်းမိုးတတ်သော နေရာများတွင် ရေသွင်းသော စနစ် (10.2)**

- ပေးဝေရမည့် ရေပမာဏအချိန်စသည်တို့ကို တစ်စုတစ်ဖွဲ့က အဘောတူထားပြီး လိုက်နာပေးဝေသော စနစ်ကို ဆိုလိုသည်။
- မြေအနိမ့်ပိုင်းတွင် တည်ရှိပြီး မြစ်ရေ၊ ချောင်းရေ လွှမ်းမိုးတတ်သော၊ ဒီရေတက်ပါက ရေဝင်ရောက်တတ်သော၊ အရပ်များကိုဆိုလိုပြီး ရေတစ်ခါ တက်လျှင် ၃ ပတ် (သို့) ၃ ပတ်ထက်ပို၍ ရေလွှမ်းတတ်သော နေရာဒေသများ

**3) ရေမလွှမ်းမိုးသော နေရာများတွင် ရေသွင်းခြင်း (10.3)**

- ပေးဝေရမည့် ရေပမာဏ အချိန်စသည်တို့ကိုတစ်စုတစ်ဖွဲ့က သဘောတူထားပြီး လိုက်နာပေးဝေသော စနစ်ကို ဆိုလိုသည်။
- စိုက်ပျိုးရေကို လိုသလို စီမံခန့်ခွဲနိုင်သောဒေသများကို ဆိုလိုပါသည်။

## လိုအပ်ချက် (၁၀-၁) - မိုးရေသောက်စနစ်

**မိုးရေသောက်စနစ်နဲ့ စိုက်ပျိုးမယ်ဆိုရင် အောက်ပါ အချက်တွေကို လိုက်နာရပါမယ် -**

1) ဒေသတွင်းမိုးလေဝသအခြေအနေကိုလိုက်၍ အချိန်ကိုက် ပျိုးထောင်ခြင်း

2) တိုက်ရိုက် စိုက်ပျိုးခြင်း (သို့) ညီညာကောင်းမွန်သော ရေအိုင်များ တူဖော်ခြင်း နှင့် ရေတားဘောင် ခိုင်မာစွာ တည်ဆောက်ထားခြင်း

3) ဒေသတွင်း မိုးလေဝသအခြေအနေ ကိုလိုက်၍ သင့်လျော်သော မျိုးများသုံးခြင်း (ဥပမာ-ကာလတို (သို့) ကာလ အလယ်အလတ်မျိုးများ)

4) စိုက်ပျိုးရေရရှိစေရန် အတွက် မိုးရေကို ကောင်းမွန်စွာ သိုလှောင်ရန် ပြင်ဆင်ထားခြင်း

အကယ်၍ တောင်သူသည် မိုးရေသောက်စနစ်ကိုသာ ကျင့်သုံးပါက လိုအပ်ချက် 11, 12, 13, နှင့် 14 တို့ကို ကျော်သွားနိုင်ပါသည်။ လိုအပ်ချက် 15 သို့ သွားပါ !!!

## လိုအပ်ချက် (၁၀-၂) - ရေလွှမ်းမိုးတတ်သော နေရာများတွင် - ရေသွင်းသောစနစ်

**ရေမကြာခဏ လွှမ်းတတ်တဲ့ နေရာတွေမှာ အောက်ပါအချက်တွေကို လိုက်နာဆောင်ရွက်ရပါမယ်...**


1) မျှော်မှန်းထားသော ရေးကြီးကာလအတွင်း စပါးများ ရေမြုပ်ခြင်းမှ ရှောင်ရှားရန် အချိန်ကိုက်ပျိုးထောင်ရန်

2) ဖြစ်နိုင်ပါက အနည်းဆုံး ၁ ကြိမ် ရေခြောက်ခမ်း သွားသည်အထိ ထားရှိခြင်း (ဥပမာ- ရာသီအလယ် ရေနုတ်မြောင်း စနစ်ဖြင့် ၇ ရက်တာ ရေလပ်ခြင်း/ ရေစစ်ထုတ်ခြင်း)

3) ရေထုတ်မြောင်းများ ကြိုတင်ပြင်ဆင်ထားပြီး မြေကို ကောင်းမွန်စွာ ညှိထားခြင်း

4) ရေကြီးဒဏ်ခံနိုင်သော မျိုးများအသုံးပြုခြင်း

## စိုတစ်လှည့် ခြောက်တစ်လှည့် စိုက်ပျိုးသောစနစ်




၁. စိုတစ်လှည့် ခြောက်တစ်လှည့် စိုက်ပျိုးသောစနစ်ကို ရေလွှမ်းမိုးမှု အန္တရာယ်ကင်းတဲ့ နေရာ (သို့) ရာသီမှာ လိုက်နာကျင့် သုံးသင့်ပါတယ်။
၂. စိုတစ်လှည့် ခြောက်တစ်လှည့် စိုက်ပျိုးသောစနစ်ကို ကျင့်သုံးခြင်းအားဖြင့် တစ်ရာသီပုံမှန်အသုံးပြုနေတဲ့ ပမာဏထက် ၃၀ % လျော့ချအသုံးပြုနိုင်ပြီး၊ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်ပေးမှုကို ထက်ဝက်နည်းပါး လျော့ချပေးနိုင်ပါတယ်။
၃. မြေကို ခြောက်သွေ့အောင်ထားသော်လည်း သီးနှံရဲ့အထွက်ကို မထိခိုက်နိုင်ဘူးဆိုတာကို သုတေသနများက သက်သေပြခဲ့ပြီး ဖြစ်ပါတယ်။
၄. စိုတစ်လှည့် ခြောက်တစ်လှည့် စနစ်ကို မှန်ကန်စွာ ကျင့်သုံးပါက ပေါင်းမြက်များနိမ်နင်းပြီးသား ဖြစ်ပါလိမ့်မည်။
၅. စိုတစ်လှည့် ခြောက်တစ်လှည့် စနစ်ကို သီးနှံစတင် စိုက်ပျိုးပြီး ၈ ရက် အကြာမှ စ၍ စတင် ကျင့်သုံးနိုင်သည်။
၆. ပေါင်းပင် ပေါက်ရောက်မှု များပါက ရေကို ၂ ပတ် မှ ၃ ပတ်အထိ စိုက်ခင်းအတွင်း ရေလွှမ်းထားပါ။
၇. ပန်းမပွင့်မီ တစ်ပတ် အလိုမှစ၍ ပန်းပွင့်ပြီး တစ်ပတ်အကြာထိ ရေကို လွှမ်းပေးထားပါ။
၈. အရှည် ၁ ခန့် ရှိသည့် PVC ပိုက်ကို အောက်ခြေတွင် အပေါက်များဖောက်၍ မြေကြီးအောက်တွင် ၈ လက်မခန့်ထား၍ တစ်ကေလျင် ၂ နေရာ ခွဲ၍ မြှုတ်ပါ။
၉. ရေသွင်းတိုင်း ရေကို မြေမျက်နှာပြင်အထက် ၂ လက်မ ခန့် အထိသာထား၍ သွင်းပါ။
၁၀. ထို့နောက် ရေကို မြေကြီးအောက် ၆ လက်မ ခန့် ရောက်သွားသည်အထိ ထားပါ။
မြေအောက် ၆ လက်မခန့်ရောက်မှ ရေပြန်သွင်းပါ။

### လိုအပ်ချက် (၁၀-၃) - ရေမလွှမ်းမိုးသော နေရာများတွင် - ရေသွင်းခြင်း

**ရေကို လိုသလို ထိန်းလို့ရတဲ့ နေရာတွေမှာ အောက်ပါအချက်တွေကို လိုက်နာဆောင်ရွက်ရပါမယ်...**

1) မြေဆီလွှာအက်ကွဲနေပါက ရေမသွင်းမီ ထယ်ခြောက် တစ်ကြိမ် ထိုးခြင်း

2) ကောင်းမွန်ညီညာသော မြေညှိခြင်းနှင့် ရေတားဘောင်များ ပြုလုပ်ခြင်း

3) တစ်ပတ်တာ ကာလအတွင်း ထယ်ထိုးထွန်မွှေခြင်း၊ ထိထိရောက်ရောက် ရေအိုင်များတူးဖော်ခြင်းနှင့် မြေကိုရေစိမ်ခြင်းများပြုလုပ်ပြီး ပျိုးပင်ပြောင်းရွှေ့ စိုက်ပျိုးခြင်း

4) အခြောက်စိုက်ပျိုးခြင်း

5) မြေကို စိုတစ်လှည့် ခြောက်တစ်လှည့် စနစ်ဖြင့် ဆောင်ရွက်ခြင်း

6) သက်တမ်းရှည် မျိုးများကဲ့သို့ အထွက်နှုန်းတိုးဖို့အလားလာ ရှိသော သက်ငယ်၊ သက်လတ်မျိုးများသုံးခြင်း

7) မရိတ်သိမ်းမီ အနည်းဆုံး ၁၀ ရက်မှ ၁၅ ရက်အတွင်း ရေသွင်းခြင်းကို ရပ်တန့်ခြင်း

## လိုအပ်ချက် (၁၁) - ကျေးရွာအုပ်စုအဆင့် ရေသွင်းစနစ်

**မြစ်ရေတင် (သို့) ဆည်ရေသောက် ဒေသတွေမှာ စိုက်ပျိုးရင် အောက်ပါအချက်တွေကို လိုက်နာဆောင်ရွက်ရပါမယ်...**

1) ထိန်းချုပ်မှုအောက်တွင်ရှိသောမြေတွင် ရေထောက်ပံ့ဖို့ရန် နှင့် ရေသွင်းစနစ်အတွက် လုံလောက်သော ရေသွင်း/ ရေထုတ် မြောင်းများရှိရမည်။

2) ရေနုတ်မြောင်းများတွင် ရေစိမ့်ထွက်မှုမရှိစေရ။

3) ရေလွှဲပေါက်များ (ရှိလျှင်) ကောင်းမွန်စွာ အလုပ်လုပ်ရပါမည်။


4) ရေသွင်းစနစ်အတွက် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပူးပေါင်းပါဝင်မှု ရှိရမည်။

## လိုအပ်ချက် (၁၂) - စိုက်ပျိုးရေအရည်အသွေး

1) စိုက်ပျိုးရေသည် အဏုဇီဝ ပိုးများ၊ ဆားဓာတ်များနှင့် အဓိက အန္တရာယ်ဖြစ်စေသော ဓာတ်ကြွင်းများ ကင်းစင်သော ရေအရင်းအမြစ်မှ ဖြစ်ရပါမည်။

2) ဓာတ်ကြွင်းပိုးမွှားများရေတွင်ပါရှိပါက ဆိုးကျိုးများကို ဖယ်ရှားမည့်နည်းများပါဝင် (ဥပမာ-ရေစစ်များအသုံးပြုခြင်း (သို့) ဖြစ်နိုင်လျှင် မျိုးများလှည့်ပြောင်း အသုံးပြုခြင်း)

## လိုအပ်ချက် (၁၃) - မြေအောက်ရေစစ်ထုတ်ခြင်း




1) မြေအောက်ရေ စစ်ထုတ်ခြင်းသည် တရားဝင်ပြီး ရေရှည်တည်တံ့ နိုင်သော နည်းလမ်း ဖြစ်ရပါမည်။

2) ရေရှည်တည်တံ့နိုင်သော မြေအောက်ရေစစ်ထုတ်ခြင်းသည် မြစ်ဝှမ်းဒေသ ပြန်လည်ဖွံ့ဖြိုးရေးအပြင် မြစ်ဝှမ်းတစ်လျှောက်ရှိ ရေအရင်းအမြစ်များ ပျက်စီးဆုံးရှုံးစေခြင်းမှ ကာကွယ်ပေးပါသည်။

## လိုအပ်ချက် (၁၄) - ရေထုတ်ခြင်း



1) ဓာတုဆေးများ ပက်ဖြန်း ပြီးချိန်တွင် အချိန်လုံလောက်စွာစောင့်ဆိုင်းပြီးမှ ရေထုတ်ခြင်းကို ပြုလုပ်ရပါမည်။

2) ဓာတုဆေးဝါးများ ရေနှင့်အတူ ပါဝင်သွားခြင်းသည် ဇီဝမျိုးစိတ်များ (သို့) ပတ်ဝန်းကျင်နှင့် ရေလမ်းကြောင်းများကို ထိခိုက်စေနိုင်သည်။

## အခန်း (၄)

# အပင်အဟာရ စီမံခန့်ခွဲမှု



1) စိုက်ပျိုး ကုန်ကျစရိတ် အများဆုံးကို မြေဩဇာ ဝယ်ယူရာမှာ အသုံးပြုရပါတယ်။

2) အပင်အဟာရကို ကောင်းမွန်စွာ စီမံခန့်ခွဲမှုသာ အထွက်နှုန်းကို တိုးလာစေမှာ ဖြစ်သလို ကုန်ကျ စရိတ်ကိုလည်း လျှော့ချပေးနိုင်မှာ ဖြစ်ပါတယ်။



သဘာဝမြေဩဇာသည် မြေဆီလွှာ ကျန်းမာရေးအတွက် မရှိမဖြစ် လိုအပ်သည့် အရာပင် ဖြစ်ပါသည်။

သဘာဝမြေဆီလွှာကို အပင် အကြွင်းအကျန်များ ပြန်လည် ထည့်ဝင်ပေးခြင်း၊ သီးနှံပင်များနှင့် မြေဆီလွှာကို ဖုံးအုပ်ပေးထားခြင်းနှင့် ရေ အသွင်းအထုတ်ကိုဂရုတစိုက် လုပ်ဆောင်ပေးခြင်းအားဖြင့် ပြန်လည် ဖြည့်တင်းပေး နိုင်ပါသည်။



မြေဆီမြေသွေးကို မြေဆီလွှာကို ဖုံးအုပ် ပေးခြင်း၊ သဘာဝ နိုက်ထရိုဂျင်ဓာတ်ကို ဖြည့်တင်းပေးနိုင်သော ပဲမျိုးရင်းဝင်အပင်များ နှင့် သီးလှည့်စိုက်ပျိုးခြင်း အားဖြင့်ပြန်လည် ဖြည့်တင်းပေးနိုင်ပါသည်။

## လိုအပ်ချက် (၁၅) - အပင်အဟာရဓာတ် စီမံခန့်ခွဲမှု (အော်ဂဲနစ်မြေဩဇာနှင့်(သို့) ဓာတ်မြေဩဇာ)

မြေဩဇာ ကျွေးမည့်

**အချိန်**




ကျွေးမည့်

**ပမာဏ**

1) မြေဩဇာကျွေးရမည့် အချိန်ကို အပင်လိုအပ်ချက်နှင့် အသုံးပြုမည့် မြေဩဇာ၏ သတ်မှတ်ထားသော ညွှန်ကြားချက်များ အတိုင်း လိုက်နာပြီးအသုံးပြုခြင်း (ဓာတ်မြေဩဇာနှင့် (သို့) အော်ဂဲနစ်မြေဩဇာ-N, P နှင့် K)

2) မြေဆီအဟာရ တိုးတက်ကြွယ်ဝ စေသော သဘာဝနည်းများကို အသုံးပြုခြင်း (ဥပမာ - သီးလှည့် စိုက်ပျိုးခြင်း၊ သီးညှပ်စိုက်ပျိုးခြင်း နှင့် (သို့) ထိုဒေသပေါက်ပင်များ ဖုံးအုပ်စိုက်ပျိုးခြင်း)

3) သုံးစွဲမည့် မြေဩဇာ ပမာဏကို မြေဆီလွှာ အခြေအနေ၊ မျှော်မှန်း အထွက်နှုန်းနှင့် (ဖြစ်နိုင်လျှင်) သုံးမည့် မြေဩဇာ၏ သတ်မှတ်ထား သောညွှန်ကြားချက်များ အတိုင်း လိုက်နာအသုံးပြုခြင်း(ဓာတ်မြေဩဇာ နှင့်(သို့) အော်ဂဲနစ်မြေဩဇာ-N,P နှင့်K)

## လိုအပ်ချက် (၁၆) - အော်ဂဲနစ်မြေသြဇာရွေးချယ်မှု

တိရိစ္ဆာန် အညစ်အကြေး၊ သစ်ဆွေးမြေသြဇာ ဖုံးအုပ်ခြင်း၊ ကောက်ရိုး စသည်တို့ကို အောက်ပါအခြေအနေများနှင့် ကိုက်ညီမှုရှိပါက သဘာဝမြေသြဇာများအဖြစ် အသုံးပြုနိုင်ပါသည် ...

1) ဆွေးမြေ့ပြီး (သို့) ဆွေးမြေ့ရန် အခြေအနေတွင် သုံးနိုင်သည်။

2) ရေမလွှမ်းခင် ဆွေးမြေ့ရန် အချိန်လုံလောက်မှုရှိရမည် (အနည်းဆုံး ၃ ပတ်)

3) ဒေသတွင်း (ခန့်မှန်းခြေ မိုင် ၃၀ ပတ်လည်တွင်) ရရှိနိုင်ပြီး လုံလောက်သော ပမာဏရရှိပါက

## လိုအပ်ချက် (၁၇) - ဓာတ်မြေသြဇာရွေးချယ်မှု




တရားဝင်မှတ်ပုံတင်ထားသော၊ ယုံကြည်စိတ်ချရသော နေရာမှရရှိသည့် မြေသြဇာများကိုသာ အသုံးပြုနိုင်ပါသည်။

## စိုက်ပျိုးရေးဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် ယေဘူယျမြေသြဇာနှုန်းထား အကြံပြုချက်

- ကွန်ပေါင်း (15:15:15) – ၅၀ ကီလို၊ ဖော့စဖိတ် – 25 ကီလို၊ ပိုတက် – 25 ကီလို၊ ပုလဲ – 50 ကီလို၊

| ၁ ကေအတွက် ယေဘုံယျ ထည့်ဝင်ရန် နှုန်းထားများ (၁၃၀ - ၁၃၅ ရက်) | | | | | | | |
|---|---|---|---|---|---|---|---|
| SR | အပင်ဖွံ့ဖြိုးမှု အဆင့် | အကြိမ်ရေ | စိုက်ရက် | ကွန်ပေါင်း | တီစူပါ | ပိုတက် | ပုလဲ |
| 1 | မြေပြင်ချိန် | မြေခံ | | ၂၅ | ၂၅ | ၁၂.၅ | |
| 2 | ပင်ပွားထွက်ချိန် | ပထမ အကြိမ် | ၁၄ - ၂၀ | ၂၅ | | | ၁၆.၆၇ |
| 3 | မျိုးကပ်ချိန် | ဒုတိယ အကြိမ် | ၆၈ - ၇၂ | | | ၁၂.၅ | |
| 4 | အလံရွက်စထွက်ချိန် | တတိယ အကြိမ် | ၈၀ - ၈၅ | | | | ၁၆.၆၇ |
| 5 | အနှံမထွက်မီ ၅ ရက်အလို | စတုတ္ထ အကြိမ် | ၉၀ - ၉၅ | | | | ၁၆.၆၇ |

- အကောင်းဆုံး အကြံပြုချက်မှာ မြေစစ်ဆေးစမ်းသပ်ချက်ပေါ်တွင်သာ မူတည်ဆုံးဖြတ်နိုင်ပါသည်။

## အခန်း (၅)

# ဘက်စုံပိုးမွှားကာကွယ်ရေး (IPM)

### ကြိုတင်ကာကွယ်ခြင်း

- အပင်ကျန်းမာ သန်စွမ်းစေရန် ပြုစုစောင့်ရှောက်ခြင်း၊ သဘာဝ အတိုင်း ကာကွယ်စောင့်နိုင်စွမ်း တိုးလာစေရန် စောင့်ရှောက်ခြင်း

### လေ့လာအကဲဖြတ်ခြင်း

- မိတ်ဆွေပိုးများနှင့် ဖျက်ပိုးများ၏ အခြေအနေကို စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်ခြင်း

### ကုသခြင်း


- စိုးရိမ်အမှတ်ကို ကျော်လွန်လာပါက ဇီဝနည်းအားဖြင့်ဖြစ်စေ၊ ဓာတုနည်းအားဖြင့်ဖြစ်စေ၊ ရုပ်ပိုင်းဆိုင်ရာ နည်းအားဖြင့်ဖြစ်စေ ထိန်းချုပ်ခြင်း

## ၁။ ကြိုတင်ကာကွယ်ခြင်း

| | |
|---|---|
| သီးနှံပင် တည်နေရာ | • သင့်တော်သော ရာသီဥတု၊ မြေဆီမြေသွေး၊ မြေမျက်နှာသွင်ပြင် |
| မြေပြင်ခြင်း | • မြေမျက်နှာပြင်ချောမွေ့မှု<br>• သင့်တင့်သလို မြေညှိခြင်း<br>• မြေအောင်း ပိုးများကို ထယ်မှောက်ခြင်းအားဖြင့် ဖျက်စီးခြင်း |
| မျိုးရွေးချယ်ခြင်း | • ရာသီဥတုနှင့် သင့်တော်သော မျိုးများ၊ ပိုးမွှားရောဂါဒဏ် ခံနိုင်ရည်ရှိသော မျိုးများ ရွေးချယ်ခြင်း။ စပ်မျိုးများလည်း ပါဝင်ပါသည်။ |
| သဘာဝအတိုင်း ကာကွယ်နိုင်စွမ်း | • ပန်းရိုင်းပင်များကို စိုက်ခင်းပတ်ပတ်လည် စိုက်ပျိုးပေးခြင်း<br>• ပန်းရိုင်းပင်များကို ခြံစည်းရိုးပင်များအဖြစ်စိုက်ပျိုးခြင်း (၎င်းအပင်များကို ပိုးသတ်ဆေးများပက်ဖြန်းခြင်း မပြုလုပ်ရ) |
| မဟာဗျူဟာ ကျကျ စိုက်ပျိုးခြင်း | • ပိုးမွှားများ စိုက်ခင်းတစ်ခင်းမှ တစ်ခင်း ကူးလားမသွားလာနိုင်စေရန် တစ်ပြိုင်နက် စိုက်ပျိုးခြင်း<br>• အခြားသီးနှံများနှင့် အခင်းကပ်လျက် စိုက်ပျိုးပါက ပိုးမွှားဖျက်စီးမှုဒဏ်ကို လျော့ချနိုင်ခြင်း |
| သီးလှည့် စိုက်ပျိုးခြင်း | • သဘာဝပေါက်ပင်များ သဘာဝဂေဟစနစ်နှင့် မိတ်ဆွေပိုးများကို မပျက်စီးစေရန် ကာကွယ်စောင့်ရှောက်ပါ။ |
| ရေစီမံခန့်ခွဲမှု | • သင့်တော်သော ရေပမာဏ ဖြည့်တင်းပေးခြင်းဖြင့် အပင်ကိုပိုမိုသန်စွမ်းစေရန် ဆောင်ရွက်နိုင်ပါသည်။<br>• စိုတစ်လှည့် ခြောက်တစ်လှည့် စနစ်ဖြင့် ရေသွင်းပါက ပေါင်းများကို ကောင်းစွာ နှိမ်နင်းနိုင်ပါသည်။ (သို့သော် အချို့သောမိတ်ဖက်ပိုးများကို သေစေနိုင်သည်။) |

| | |
|---|---|
| **အပင်အဟာရ** | • မြေဆွေးများ၊ ဓာတ်မြေသြဇာများ လိုအပ်သလို ထည့်သွင်းခြင်းဖြင့် မြေဆီလွှာ အဟာရကို ကောင်းစွာ ဖြည့်တင်းနိုင်ပါသည်။<br>• မြေသြဇာ ကျွေးနှုန်းနည်းပါက အပင်အားနည်းပြီး ခံနိုင်ရည် ကျဆင်းနိုင်ပါသည်။<br>• မြေသြဇာ ကျွေးနှုန်းများပါက အပင်ကျပ်သိပ်ပြီး လေဝင်လေထွက် မကောင်းသဖြင့် ပိုးများ ကျရောက်နိုင်ပါသည်။ |
| **ဇီဝမျိုးစိတ်များကို ကာကွယ်ခြင်း** | • သဘာဝပေါက်ပင်များ သဘာဝ ဂေဟစနစ်နှင့် မိတ်ဆွေပိုးများကိုမပျက်စီးစေရန် ကာကွယ်စောင့်ရှောက်ပါ။<br>• ပန်းရိုင်းပင်များကို ခြံစည်းရိုးပင်များအဖြစ်စိုက်ပျိုးခြင်း(၎င်းအပင်များကို ပိုးသတ်ဆေးများပက်ဖြန်းခြင်းမပြုလုပ်ရ) |
| **မျိုးစေ့ကုသခြင်း** | • အပင်ငယ်စဉ်ကာလတွင် ပိုးတစ်မျိုးမျိုး အန္တရာယ်ကျရောက်နိုင်ခြေရှိပါက ဓာတုဆေးများဖြင့်ဖြစ်စေ၊ ဇီဝဆေးများဖြင့်ဖြစ်စေ အသုံးပြု၍မျိုးစေ့ဆေးစိမ်ခြင်းကို ကာကွယ်သည့်နည်းလမ်းတစ်ခုအဖြစ် သတ်မှတ်ပါသည်။ |

## ၂။ စဉ်ဆက်မပြတ် စောင့်ကြည့် အကဲဖြတ်ခြင်း




စိုက်ခင်းကို အပတ်စဉ် သွားရောက်၍ ကျပမ်းအပင် ၂၀ ရွေးချယ်ပြီး အပင်ကြီးထွားမှု အဆင့်၊ ဖျက်ပိုး အရည်အတွက်နှင့် မိတ်ဆွေပိုး အရည်အတွက်ကို အမြဲလေ့လာရန် လိုအပ်ပါသည်။

- အပင်တွေ ဘယ်လိုအခြေအနေရှိသလဲ အကဲဖြတ်ပါ
- မြေသြဇာ ထည့်သွင်းရန် လိုမလို အကဲခတ် ဆုံးဖြတ်ပါ
- ကုသရန် လိုမလို အကဲခတ် ဆုံးဖြတ်ပါ (စိုးရိမ်အမှတ်ရောက်မရောက်)

## ၃။ ကုသခြင်း

*****ကုသခြင်းလုပ်ငန်းစဉ်များကို စိုးရိမ်အမှတ် ကျော်မှသာ လုပ်ဆောင်သင့်ပါသည်*****

| | |
|---|---|
| **3a. စိုက်စနစ်ပိုင်းဆိုင်ရာ/ ရုပ်ပိုင်းဆိုင်ရာ နှိမ်နည်းနည်းများ** | • လက်ပေါင်းလိုက်ခြင်း၊ ကြားပေါင်းလိုက် ကိရိယာ သုံး၍ ပေါင်းနှိမ်နင်းခြင်း<br>• ကြွက်များအတွက် အရံအတား ပစ္စည်းများ သုံးခြင်း<br>• လယ်ကန်သင်းရိုးများ၊ ကွင်းနုတ်ခမ်းများနှင့် ရေမြောင်းများတွင် အလွယ်တကူ တွေ့မြင်နိုင်သော ခရုဥများ၊ ခရုများ လက်ဖြင့်ကောက်ယူ ဖယ်ရှားခြင်း |
| **3b. ဇီဝနည်းအားဖြင့် နှိမ်နင်းခြင်း (ကုသခြင်း)** | • အနုဇီဝပိုးများ<br>(ဥပမာ - ဖျက်ပိုးများကို ပျက်စီးစေသော ဗိုင်းရပ်ပိုး၊ ဘတ်တီးရီယားပိုး (သို့) မှိုများ)<br>• အကျိုးပြု သက်ရှိပိုးကောင်များ<br>(ဥပမာ - အင်းဆက်များကို စားသုံးသော ပိတုန်းများ၊ အင်းဆက်များကို ပျက်စီးစေသော ကပ်ပါးကောင်များ)<br>• တစ်ဝက်တစ်ပျက် ဓာတုဆေးဝါးများ<br>(ဥပမာ-ဖျက်ပိုးများ၏ မျိုးပွားမှုကို နှောက်ယှက်သော ဖီရမုန်းဆေးသုံးခြင်း) |

| | |
|---|---|
| | • သက်ရှိအကောင်များမှ စစ်ထုတ်ထားသော ဓာတ်ပစ္စည်းများ (ဥပမာ - အချဉ်ဖောက်၍ရသော ပစ္စည်းများ)<br>• ရုက္ခဗေဒ ပိုးသတ်ဆေး (e.g. Neem) |
| 3c. ဓာတုဆေးဝါးများဖြင့် နှိမ်နင်းခြင်း (ကုသခြင်း) | • ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ရောဂါသတ်ဆေး၊ ခရုသတ်ဆေး၊ ကြွက်သတ်ဆေး |

## လိုအပ်ချက် (၁၈-၁) - ပေါင်းနှိမ်နင်းခြင်း

1) ပေါင်းမြက်ကျရောက်မှုကို ကြိုတင်ကာကွယ်သည့် နည်းစနစ်များအား ကုသရန် မဆုံးဖြတ်မီအထိ လိုက်နာကျင့်သုံး ဆောင်ရွက် ရပါမည်။



2) လက်ပေါင်းလိုက်ခြင်း၊ ကြားပေါင်းလိုက်ကိရိယာ ဖြင့် ပေါင်းနှိမ်နင်းခြင်းစသည့် နည်းလမ်းများဖြင့် နှိမ်နင်း၍ မရသော အခါနှင့် သီးနှံအထွက်ပေါ် သိသိသာသာ ထိခိုက်လာနိုင်ခြေရှိသော အခါမှသာ ပေါင်းသတ်ဆေးကို အသုံးပြုရပါမည်။

3) တရားဝင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ အသုံးပြုရမည်။ အတုအပများ၊ တရားမဝင်ပစ္စည်းများ မဟုတ်သောမည်သည့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ပိတ်ပင်ထားခြင်း မရှိသောဆေးများ ဖြစ်ရမည်။

4) ပေါင်းပင်များ ပေါက်ရောက်သည့် နေရာများကိုသာကွက်၍ပက်ဖြန်း ရပါမည်။

5) ပေါင်းသတ်ဆေးသုံးရာတွင်သုံးသည့် ဆေးကို ဖော်ပြထားသည့် အညွှန်းအတိုင်းသုံးပါ။ မရိတ်သိမ်းခင် ကြားလတွင် သုံးရမည်ဖြစ်ပြီး သတ်မှတ်ဆေးပမာဏထပ် မကျော်လွန်စေရ။

6) ပေါင်းသတ်ရာတွင် ပေါင်းမြက်များကို အခြေခံ၍ သင့်တော်သော ပေါင်းသတ်ဆေးများ အသုံးပြုပါ။ ပေါင်းသတ်ဆေးဒဏ်ခံသော မြက်များအကြောင်းနှင့် စပါးအကြောင်းကိုပါ ထည့်သွင်းစဉ်းပါ

## လိုအပ်ချက် (၁၈-၂) - ပိုးမွှားနှိမ်နင်းခြင်း

1) ကုသမည့်နည်းလမ်းများ မသုံးမီ ကြိုတင်ကာကွယ်သည့် နည်းလမ်းများသုံးပါ။



2) ပိုးမွှားများတိုးပွားလာပြီး အန္တရာယ်ရှိလာသည့် အခြေအနေမျိုးတွင် အခြားပိုးနှိမ်နင်းခြင်း နည်းများဖြင့် မနှိမ်နင်းနိုင်သော အခါမှသာ ပိုးသတ်ဆေးများအသုံးပြုပါ။

3) စိုက်ပျိုးပြီး ပထမ ရက် ၄၀ အတွင်း ပိုးသတ်ဆေးများ မဖျန်းပက်ရ။ (မြန်မာ့စိုက်ပျိုးရေး ကျွမ်းကျင်ပညာရှင်များရဲ့ ထောက်ခံချက်ဖြင့်သာ ဖြန်းပက်ရန်)

4) တရားဝင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ အသုံးပြုရမည် အတုအပများ၊ တရားမဝင်ပစ္စည်းများ မဟုတ်သော မည်သည့်နိုင်ငံတကာ အဖွဲ့အစည်းများမှ ပိတ်ပင်ထားခြင်း မရှိသောဆေးများ ဖြစ်ရမည်။

5) မလိုလားအပ်သောနေရာများကို ဆေးမဖျန်းပါနဲ့။

6) အညွှန်းအတိုင်း သုံးရမည်။ မရိတ်သိမ်းခင် ကြားကာလတွင်သာ သုံးရမည်ဖြစ်ပြီး သတ်မှတ်ဆေး ပမာဏ ထပ်မကျော်လွန် စေရ။

7) ကျရောက်သည့် အင်းဆက် ပိုးမွှားနှင့် ၎င်းတို့ရဲ့ ခုခံကာကွယ်နိုင် စွမ်းကိုပါ ထည့်သွင်း တွက်ချက်ပြီး ဆေးရွေးချယ်ပက်ဖြန်းရမည်။

## လိုအပ်ချက် (၁၈-၃) - ရောဂါနှိမ်နင်းခြင်း

1) ကုသမည့်နည်းလမ်းများ မသုံးမီ ကြိုတင်ကာကွယ်သည့် နည်းလမ်းများသုံးပါ။



2) အန္တရာယ်ရှိလာသည့်အခြေအနေမျိုးတွင် အခြားသဘာဝနည်းများဖြင့် နှိမ်နင်းရန် အဆင်မပြေသော အခြေအနေမှသာ ရောဂါသတ်ဆေးများ အသုံးပြုပါ။

3) တရားဝင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ အသုံးပြုရမည်။ အတုအပများ၊ တရားမဝင်ပစ္စည်းများ မဟုတ်သော မည်သည့်နိုင်ငံတကာ အဖွဲ့အစည်းများမှ ပိတ်ပင်ထားခြင်း မရှိသောဆေးများ ဖြစ်ရမည်။

4) မလိုလားအပ်သောနေရာများကို ဆေးမဖျန်းပါနဲ့။

5) ဖော်ပြထားသည့် အညွှန်းအတိုင်း သုံးရမည်ဖြစ်ပြီး မရိတ်သိမ်းခင်ကာလ (သို့) မရိတ်သိမ်းမီ ရက် ၃၀ မတိုင်မီ အထိသာ ဆေးဖြန်းရမည်။ သတ်မှတ်ဆေးပမာဏထပ် မကျော်လွန်စေရ။

6) ကျရောက်သည့်ရောဂါနှင့် သူတို့ရဲ့ခုခံကာကွယ်နိုင်စွမ်း၊ မှိုရောဂါရဲ့ ဇစ်မြစ်နှင့် ခန့်မှန်းရာသီဥတုအခြေအနေကိုပါ ထည့်သွင်း စဉ်းစားရမည်။

## လိုအပ်ချက် (၁၈-၄) - ခရုနှိမ်နင်းခြင်း

1) ကုသမည့်နည်းလမ်းများ မသုံးမီ ကြိုတင်ကာကွယ်သည့် နည်းလမ်းများသုံးပါ

2) အခြား ကုသခြင်းနည်းလမ်းများနှင့် (ဥပမာ- ခရုကောက်ခြင်း) ထိရောက်မှုမရှိဘဲ အန္တရာယ် ပိုမိုကျရောက် လာနိုင်သည့် အခြေအနေ မျိုးတွင်သာ ခရုသတ်ဆေးသုံးပါ။

3) တရားဝင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ အသုံးပြုရမည်။ အတုအပများ၊ တရားမဝင်ပစ္စည်းများ မဟုတ်သော မည်သည့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ပိတ်ပင်ထားခြင်းမရှိသော ဆေးများ ဖြစ်ရမည်။

4) မလိုလားအပ်သော နေရာများကို ဆေးမဖြန်းပါနှင့်။

5) ခရုသတ်ဆေးများသုံးရာတွင် ဆေးဗူးပါ ညွှန်ကြားချက် အတိုင်းသာ သုံးရမည်။ ပြောင်းရွှေ့မစိုက်ပျိုးမီ မသုံးရ။

6) ခရုသတ်ဆေး သုံးရာတွင် မိမိရှင်း လင်းမည့် ခရုမျိုးစိတ်ကိုသာတိုက်ရိုက်ဖြန်းပတ်ပါ။ စပါးစိုက်ပျိုးပြီး ပထမသုံးပတ်အတွင်းမှာသာဖြန်းပက်ရမည်။





## လိုအပ်ချက် (၁၈-၅) - ကြွက်နှိမ်နင်းခြင်း

1) ကုသမည့်နည်းလမ်းများ မသုံးမီ ကြိုတင်ကာကွယ်သည့် နည်းလမ်းများသုံးပါ။

2) ကြွက်ထောင်ခြင်း၊ ဖမ်းခြင်းစသည့် နည်းလမ်း များဖြင့် ထိန်းချုပ်၍ မရပဲ၊ ပျက်စီးဆုံးရှုံးမှု များလာလျင်၊ ကြွက်ပြဿနာရဲ့နောက်ကြောင်း ရာဇဝင် အထောက်အထားများ ရှိမှသာ ကြွက်သတ်ဆေးသုံးရန်။

3) တရားဝင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ အသုံးပြုရမည်။ အတုအပများ၊ တရားမဝင်ပစ္စည်းများ မဟုတ်သော မည်သည့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ပိတ်ပင်ထားခြင်း မရှိသော ဆေးများ ဖြစ်ရမည်။

4) မလိုတဲ့နေရာများကို ဆေးမချရ။

5) ကြွက်သတ်ဆေးများသုံးရာတွင် ဆေးဗူးပါ ညွှန်ကြားချက် အတိုင်းသာ သုံးရမည်။ ပမာဏ ပိုမသုံးရ။


6) စပါး အဆံဖြည့်ချိန်တွင် အစုလိုက် အပြုံလိုက် ကျရောက်မှုကို ရှောင်ရှားရန် ဝတ်မှုန်ကူးချိန် မတိုင်ခင်ဆေးချပါ။ လေလွင့်ဆုံးရှုံးမှု မရှိစေရန် ဝါးခေါင်း၊ အုန်းခွံတို့ဖြင့် ဖုံးအုပ်ပါ။





## လိုအပ်ချက် (၁၈-၆) - ငှက်နှိမ်နင်းခြင်း





မသေစေလောက်သော ငှက်နှိမ်နင်းမှုတွင် အောက်ပါအချက်တို့ ပါဝင်ပါသည်။

(၁) တစ်ကွင်းတစ်ဆက်တည်း အချိန်ကိုက်စိုက်ပျိုးခြင်း

(၂) ငှက်ခြောက်ရန် ပစ္စည်းကိရိယာများ အသုံးပြုခြင်း

(၃) ငှက်များကို စားသောက်သောအကောင်များ တိုးပွားစေရန်ဆောင်ရွက်ခြင်း (ဥပမာ-အသားစားငှက်များ၊ shrikeငှက်မျိုးများ)

(၄) ဘေးထွက်ဆိုးကျိုးမရှိဘဲ ငှက်များရဲ့ အသက်အန္တရာယ်ကို မထိခိုက်စေသော ဓာတုဆေးများသုံးခြင်း

အခန်း (၆)

# ရိတ်သိမ်းချိန်နှင့် ရိတ်သိမ်းချိန်လွန်နည်းပညာ

## လိုအပ်ချက် (၁၉) - ရိတ်သိမ်းချိန်

**ရိတ်သိမ်းချိန် ညွှန်ပြသည့် အချက်များ**

၁

ပန်းနိုင်တစ်နိုင်ရှိ
စပါးစေ့များ အရောင်




၂

အစိုဓာတ်



၂၀ -၂၄ %

၃

| အစေ့တည်ပြီးနောက် ကြာချိန် | |
|---|---|
| ၂၈ – ၃၅ ရက် နွေရာသီ | ၃၂ – ၃၈ ရက် မိုးရာသီ |

၄

| စတင်စိုက်ပျိုးပြီးနောက် ကြာချိန် | | |
|---|---|---|
| ၁၄၅ – ၁၅၀ ရက် အသက်ကြီးသော စပါးမျိုးများ | ၁၃၀ – ၁၃၅ ရက် အသက်လတ်သော စပါးမျိုးများ | ၉၀ - ၁၀၀ ရက် သက်တမ်းတိုသော စပါးမျိုးများ |

၅

| ပန်းနိုင်အောက်ပိုင်း မာကျောမှု အခြေအနေ |
|---|
| မာကျောသော်လည်း လွယ်လွယ်ကူကူ မကျေနိုင်သော အချိန် |

## လိုအပ်ချက် (၂၀) - စပါးရိတ်သိမ်းသော ပစ္စည်းကိရိယာများ

| လိုအပ်ချက်များ |
|---|
| ရောဂါပိုးဝင်ခြင်း ၊ အခြားသောမျိုးများနှင့် ရောနှောပါဝင်ခြင်းတို့မှ ကာကွယ်ရန် သန့်ရှင်းသော ရိတ်သိမ်းကိရိယာများနှင့် စပါးကို ရိတ်သိမ်းရပါမည်။ စက်ကိရိယာများကို အသုံးပြုပါက သေချာစွာ စစ်ဆေးထားရမည်ဖြစ်ပြီး စပါးအလေအလွင့် မရှိစေရန် စပါးကွင်းအခြေအနေပေါ် မူတည်ပြီး စနစ်ကို သင့်တော်သလို ချင့်ချိန်အသုံးပြုရမည်။ |

## လိုအပ်ချက် (၂၁) - အခြောက်ခံချိန်

ရိတ်သိမ်းခြင်း

စိုက်ခင်းတွင် အခြောက်မခံပါ။
(တိုက်ရိုက် ရောင်းချခြင်း)

စိုက်ခင်းတွင် အခြောက်ခံသည်။

အခြောက်ခံစက်
ရှိသောနေရာသို့ ရိတ်သိမ်းပြီး
၁၂ နာရီအတွင်း ပို့ဆောင်ရမည်။

ရိတ်သိမ်းပြီး
၂၄ နာရီအတွင်း
အခြောက်ခံရမည်။



| | | |
|---|---|---|
| 14-18% m.c. | ➡ | တိုက်ရိုက်ရောင်းချရန် |
| ≤16% m.c. | ➡ | ၃ ရက်အတွင်း ရောင်းရန် |
| ≤ 14% m.c. | ➡ | ၁ ပတ်အတွင်း ရောင်းရန် |
| ≤ 12% m.c. | ➡ | မျိုးစေ့အဖြစ် သိုလှောင်ရန် |

- နောက်ဆုံး အစိုဓာတ်ကို မှတ်သားထားရပါမည်။
- ပျမ်းမျှ စိုထိုင်းဆကို တွက်ချက်ပါက တစ်သုတ်တည်းလှမ်းထားသော စပါးများတွင် အစိုဓာတ်ကွာခြားနှုန်းသည် ၁ ရာခိုင်နှုန်းခန့်သာ ရှိရပါမည်။
- တောင်သူသည် စပါးကို ကိုယ်တိုင်အခြောက်မခံပါက - လိုအပ်ချက် 22 နှင့် 23 ကို ထည့်သွင်းစဉ်းစားရန် မလိုပါ။ လိုအပ်ချက် 24 သို့ တိုက်ရိုက်သွားပါ။

## လိုအပ်ချက် (၂၂) - အခြောက်ခံသော နည်းလမ်း







**နေရောင်ခြည်သုံး၍ အခြောက်ခံပါက**

**အခြောက်ခံစက်များဖြင့်အခြောက်ခံပါက**

1) စပါးပုံအထု ၁ မှ ၂ လက်မ အထူသာဖြန့်ခြင်း
2) မကြာခဏ အထက်အောက် လှန်ပေးခြင်း
3) မိုးရေမထိအောင် ကာကွယ်ခြင်း
4) မှိုအဆိပ်အတောက်များ၊ တိရစ္ဆာန်များ၊ လူများရန်မှ စပါးကိုကာကွယ်ထားခြင်း (ဥပမာ-စကာပိုက်များ၊ ဖျာများနှင့် မိုးကာများ)
5) စပါးအရည်အသွေးကောင်းစေရန် အသိအမှတ်ပြုထားသော စက်များကိုသုံးရန် (အရောင်ပြောင်းခြင်း၊ အနံ့ထွက်ခြင်းများ မရှိဘဲ စပါးအကျိုးအကြေ နည်းစေရန်)
6) ရိုးရိုး အလျားလိုက် အခြောက်ခံစက်ဖြင့် အခြောက်ခံလျှင် အပူချိန် ၄၃ ဒီဂရီ ဆဲလ်စီယပ် တွင်ထားပါ။
ဒေါင်လိုက် လှည့်ပတ်အခြောက်ခံစက်သုံးလျှင် အပူချိန် ၅၅ ဒီဂရီ ဆဲလ်စီယပ် တွင်ထားပေးရမည်။

## လိုအပ်ချက် (၂၃) - စပါးသိုလှောင်ခြင်း

| | | | | |
|---|---|---|---|---|
| စပါးကို ဓာတုဆေးဝါးများကဲ့သို့ အန္တရာယ်ဖြစ်စေသော အရာများမှ ကာကွယ်ရပါမည်။ | အစိုဓာတ်<br><br>၁၄ % အောက်တွင် ထား၍ သိုလှောင်ရန် | အစိုပြန်ခြင်းမှ ကာကွယ်ရမည်။<br> | မှိုင်းတိုက်ခြင်းများ မလုပ်ရပါ။<br> | စပါးကို မသိုလှောင်မီ အမှိုက်များ၊ ပေါင်းများနှင့် ပိုးမွှားများ ကင်းစေရန် သန့်စင် ရပါမည်။ |

## လိုအပ်ချက် (၂၄) - စပါးရိုးပြတ်များ

| စပါးရိုးပြတ်များကို မီး လုံးဝမရှို့ပါနှင့် | ရေရှည်တည်တံ့နိုင်မည့်နည်းလမ်းများဖြင့်သာ စီမံရပါမည်။ |
|---|---|
| • ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု ကို လျော့ချရန်<br>• ပတ်ဝန်းကျင် ထိခိုက်နိုင်မှုကို လျော့ချရန် | • မြေဆီလွှာကို ထိန်းသိမ်းရန် (သို့) မြေဆီ မြေနှစ် တိုးတက်လာစေရန် |

## လိုအပ်ချက် (၂၅) - ကောက်ရိုးများ

**ကောက်ရိုးများကို ...**








| | | |
|---|---|---|
| 1) မီးလုံးဝမရှို့ရ | 2) စပါးရိုးပြတ်များနှင့် ကောက်ရိုးများသည် ကောင်းစွာဆွေးမြေ့ရန်အတွက် အချိန်အနည်းဆုံး ၃ ပတ်ခန့်လိုအပ်ပါသည်။ စိုက်ခင်းအတွင်း ရေရှိနေချိန်တွင်မြေဆွေးထည့်သွင်းပါက ဖန်လုံအိမ်ဓာတ်ငွေ့များထုတ်လွှတ်နိုင်သည့်အတွက် မြေဆွေးများကို စိုက်ပျိုးမည့်စိုက်ခင်း ခြောက်သွေ့နေချိန်တွင် ထည့်သွင်းသင့်ပါသည်။ | 3) ကောက်ရိုးများကို စုဆောင်းပြီး တိရစ္ဆာန်အစာတွက် (သို့) မြေဆွေးပြုလုပ်ခြင်းများတွင် အသုံးပြုပြီး နောက်ချေးနှင့် မြေဆွေးများကို လယ်ကွက်အတွင်းသို့ ပြန်လည်ထည့်ဝင် အသုံးပြုရမည်။ |

## အခန်း (၇)

# ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှု

### ပိုးသတ်ဆေး ဖြန်းတော့မယ်ဆိုရင် ဒါတွေကို "ရှောင်ကျဉ်ပါ"



လက်ဖြင့် တိုက်ရိုက်ကိုင်တွယ်ခြင်း



လက်မဆေးပဲ စားသောက်ခြင်း၊



ပိုက်ခေါင်းများကို
ပါးစပ်ဖြင့် မှုတ်ခြင်း



တရားမဝင် ပစ္စည်းများ



မဆင်မချင် ဆေးထည့်ခြင်း




လေအောက်ဘက်မှ
ဆေးဖြန်းခြင်း



ဆေးဖြန်းပစ္စည်းများ
မစစ်ဆေးပဲသုံးခြင်း

### ပိုးသတ်ဆေး ဖြန်းတော့မယ်ဆိုရင် ဒါတွေကို "ဆောင်ရွက်ပါ"




ဆေးညွှန်းကို သေချာဖတ်ပါ



ဆေးညွှန်းအတိုင်းသာ ရောစပ်ပါ




မိတ်ဆွေပိုး၊ ဖျက်ပိုး
အရေအတွက်ကို အမြဲစစ်ဆေးပါ



လေညာကသာ
ပက်ဖြန်းပါ



ဆေးဖြန်းပြီးတိုင်း
ရေချိုးပါ



ဆေးပုံးများကိုကလေးများ လက်လှမ်းမမီနိုင်တဲ့
နေရာမှာ သော့ခတ်သိမ်းပါ



အကာအကွယ်
အမြဲဝတ်ပါ

## လိုအပ်ချက် (၂၆) - ဘေးကင်းလုံခြုံမှုနှင့် ရှေးဦးသူနာပြု




အလုပ်သမားများ၊ မိသားစုဝင်များကို အလုပ်ခွင်မှ ထိခိုက်မှုများနည်းစေရန် နည်းလမ်းများ၊ ကြက်ခြေနီသုံးပစ္စည်းများရရှိနိုင်မည့်နေရာနှင့်ကျန်းမာရေးမှူးများကို ဆက်သွယ်ရန်နည်းလမ်းများ အမြဲပြောကြားပေးရမည်။

ကြက်ခြေနီခေါ် ရှေးဦးသူနာပြုပစ္စည်းများကို သေချာစွာ တံဆိပ်ကပ်ထားပြီး လယ်ကွင်းအတွင်း လက်လှမ်းမီနိုင်မည့် နေရာတွင်ထားရှိသင့်သည် (သို့) လယ်သမားများ အလွယ်တကူ ရောက်ရှိနိုင်သော ဆေးပေးခန်းတွင် ထားထားပေးသင့်သည်။

## လိုအပ်ချက် (၂၇) - ပစ္စည်းအသုံးအဆောင်များ

ကွင်းလုပ်ငန်းများတွင် အသုံးပြုသော ပစ္စည်းကိရိယာများနှင့် ရိတ်သိမ်းချိန်လွန်လုပ်ငန်းများတွင် အသုံးပြုသောပစ္စည်းကိရိယာများကို ပုံမှန်နှင့် သေသေချာချာ စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ပြီး အသုံးပြုရမည်။ ပစ္စည်းများသိမ်းဆည်းရာတွင်လည်း သေသေချာချာ သိမ်းဆည်းပါ။

ပိုးသတ်ဆေးသုံး ပစ္စည်းကိရိယာများကို သေချာ ထိန်းသိမ်း စစ်ဆေးပြီး ယိုစိမ့်ခြင်း (သို့) ညစ်ပေခြင်းများ မရှိအောင် ကာကွယ်ရမည်။

## လိုအပ်ချက် (၂၈) - ပိုးသတ်ဆေး ပက်ဖြန်းမည့်သူအတွက် လေ့ကျင့်သင်ကြားပေးခြင်း

**ပိုးသတ်ဆေး ပက်ဖြန်းမည့်သူသည် -**

- အသုံးပြုမည့် ပစ္စည်းနှင့်ပတ်သက်သော အချက်အလက်များ၊ ကျန်းမာရေးအန္တရာယ်များ
- အသုံးပြုမည့်ပစ္စည်းကို မှန်မှန်ကန်ကန် ကိုင်တွယ်အသုံးပြုနိုင်မည့် နည်းစနစ်များ
- အသုံးပြုမည့်ပစ္စည်းကြောင့် ပတ်ဝန်းကျင်နှင့် ကျန်းမာရေးကို ထိခိုက်နိုင်ခြေလျော့နည်းစေရန် ကြိုတင်ကာကွယ်ခြင်း
- အဆိပ်အတောက်ဖြစ်ခြင်း (သို့) ပမာဏလွန်ကဲစွာသုံးမိပါက အရေးပေါ် လုပ်ဆောင်ရမည့် အချက်များနှင့် ပက်သက်၍ သင်တန်းများ တက်ရောက်ထားပြီး၊ တာဝန်သိစွာဖြင့် ဓာတုပစ္စည်းများကို စနစ်တကျ ကိုင်တွယ်အသုံးပြုရမည်။

## လိုအပ်ချက် (၂၉) - ကာကွယ်ရန် ပစ္စည်းအသုံးအဆောင်များ

**ပိုးသတ်ဆေး ပက်ဖြန်းသူသည် အရည်အသွေးကောင်းမွန်ပြီး ပစ္စည်းတံဆိပ်နှင့်ပတ်သက်ပြီး ထောက်ခံထားသော အောက်ဖော်ပြပါ PPE တစ်ကိုယ်ရေ အကာအကွယ်များကို အသုံးပြုရပါမည်။**

- ဓာတုဆေးကာကွယ်သောလက်အိတ်
- နှာခေါင်းစည်း
- အရှည်ပြားအကာအကွယ်များ (ဥပမာ- လက်ရှည်ရှပ်အင်္ကျီ၊ ဘောင်းဘီအရှည်)
- လည်ရှည်ဖိနပ်
- ပိုးသတ်ဆေးများသုံးချိန်နှင့် ရောနှောနေချိန်တွင် မျက်လုံးအကာအကွယ်

## လိုအပ်ချက် (၃၀) - လျှော်ဖွတ်ခြင်းနှင့် အသစ်လဲလှယ်ခြင်း

ပိုးသတ်ဆေး ဖြန်းပက်သူသည် ပစ္စည်းများ အသုံးပြုပြီးပါက ပစ္စည်းများ လျှော်ဖွတ်ရန်နှင့် အဝတ်လဲလှယ်ရန် လွယ်ကူစေဖို့ PPE ပစ္စည်းများ ဆေးကြောသန့်စင်ရန် နေရာအတိအကျ သတ်မှတ်၍ ထားရမည်။ ပိုးသတ်ဆေးဖြန်းပတ်ရာတွင် အသုံးပြုထားသော PPE ပစ္စည်းများကို ဆေးကြောသန့်စင်ပြီးနောက် အိမ်ထဲသို့ မသွင်းရပါ။

ထို PPE ပစ္စည်းများ ဆေးကြောသန့်စင်ရန် သတ်မှတ်ထားသော နေရာသည် အိမ်တွင်း ပစ္စည်းများ လျှော်ဖွတ်သည့်နေရာ နှင့် ခပ်ဝေးဝေးတွင် ဖြစ်ရပါမည်။

## လိုအပ်ချက် (၃၁) - ပိုးသတ်ဆေး ဖြန်းပက်ရန် ကန့်သတ်ချက်များ

ပိုးသတ်ဆေးကို ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များ၊ အသက် ၁၈ နှစ်အောက် လူငယ်များ နှင့် ပန်းနာရင်ကျပ် (သို့) အသက်ရှူလမ်း ကြောင်းဆိုင်ရာ ရောဂါ ရှိသော သူများ ပက်ဖြန်းခြင်းကို တားမြစ်ပါသည်။

## လိုအပ်ချက် (၃၂) - ပိုးသတ်ဆေးပက်ဖြန်းပြီး စိုက်ခင်းအတွင်း ပြန်လည်ဝင်ရောက်ခြင်း

**ပိုးသတ်ဆေးအသုံးပြုပြီး စိုက်ကွင်းအတွင်းပြန်လည်ဝင်ရောက်ချိန် -**

- ပိုးသတ်ဆေးတွင်ပါသော အညွှန်းအတိုင်းလိုက်နာရန် (သို့) အညွှန်းမပါက ၄၈ နာရီကြာပြီးမှ ပိုးသတ်ဆေး ပက်ဖြန်းထားသောနေရာသို့ ပြန်လည်ဝင်ရောက်ရန်
- ရှင်းလင်းသော သတိပေးချက်များ ပြုလုပ်ရန်

## လိုအပ်ချက် (၃၃) - ပိုးသတ်ဆေးနှင့် ဓာတုပစ္စည်းများ သိုလှောင်ခြင်း

**ပိုးသတ်ဆေးများနှင့် ဓာတုမြေသြဇာများကို (အခွံလွတ်များပါ ပါဝင်)**

- အညွှန်းများ တပ်ထားရန်
- အစားအစာများ၊ လောင်စာများ၊ ဆန်စပါးများနှင့် သီးသန့်ခွဲထားပြီး ကလေးများ လက်လှမ်းမမှီနိုင်သော နေရာများတွင် သိမ်းဆည်းထားရန်

## လိုအပ်ချက် (၃၄) - ပိုးသတ်ဆေး အကြွင်းအကျန်များ စွန့်ပြစ်မှု

**ပိုးသတ်ဆေး၊ မှိုသတ်ဆေး ဗူးခွံတွေရှိလာရင် ဒါတွေကို ရှောင်ကျဉ်ပါ....**



ဆေးဗူးခွံများကိုပြန်လည် အသုံးပြုခြင်း



မီးရှို့ဖျက်စီးခြင်း


သောက်သုံးရေ ရရှိသော
နေရာများတွင် စွန့်ပစ်ခြင်း၊ ဆေးကြောခြင်း

## ပိုးသတ်ဆေး၊ မှိုသတ်ဆေး ဗူးခွံတွေရှိလာရင် ဒါတွေကို ဆောင်ရွက်ပါ....

ဘူးခွံများကို ရေဖြင့် ၃ ကြိမ် စင်ကြယ်အောင် ဆေးကြောရန်၊ ပိုလျှံသော ဆေးများနှင့်ရေများကို ရေနှင့်ဝေးသော အသုံးမပြုသည့် နေရာများတွင် စွန့်ပစ်ရန်

ပြန်လည်အသုံးချမှု မဖြစ်စေရန် ဘူးခွံများကို မြေမမြုပ်ခင် ဖျက်ဆီးခြင်း ပြုလုပ်ပါ။

ဗူးခွံများကို သတ်မှတ်ထားသော နေရာတွင် မြေမြုပ်ရန် (ရေနှင့် အနည်းဆုံး မီတာ ၂၀ အဝေးတွင်) ကလေးများ နှင့် ကိုင်တွယ်ခွင့် မရှိသောသူများနှင့် ဝေးရာတွင်ထားရန်

သက်တမ်းကုန်သော ပိုးသတ်ဆေးများကို ရောင်းချသူထံ ပြန်လည်အပ်နှံခြင်း (သို့) ပေးပို့ရန်မဖြစ်နိုင် ပါက ရေမြောင်းများနှင့် ဝေးသောနေရာတွင် မြေမြှုပ်ပစ်ရန်။

## အခန်း (၈)

# အလုပ်သမား အခွင့်အရေး

- အလုပ်သမားများ၏ အခွင့်အရေးများသည် ၎င်းတို့၏ အသက်မွေးဝမ်းကြောင်း လုပ်ငန်းကို ဆုတ်ကိုင်ထားနိုင်ဖို့အတွက် အရေးကြီးပါသည်။
- အသက် ၁၈ နှစ်အောက် လူငယ်များ လုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်ပါက အန္တရာယ်များသော လုပ်ငန်းများကို ရှောင်ကျဉ်ရန်နှင့် ၎င်းတို့၏ မဖြစ်မနေလုပ်ဆောင်ရမည့် လုပ်ငန်းများကို မထိခိုက်စေရန် ဂရုစိုက်ဖို့ လိုအပ်ပါသည်။

### လိုအပ်ချက် (၃၅) - ကလေးလုပ်သားများ

- ၁၅ နှစ်အောက် ကလေးသူငယ်များအား လုပ်သားအဖြစ် ခန့်အပ် မထားရပါ။
- အကယ်၍ လယ်သမားမိသာစုတွင် ၁၅ နှစ်အောက် ကလေးငယ်များပါဝင်ပါက အသက်အရွယ်နှင့်ညီသော အလုပ်များကိုသာ အောက်ပါ သက်မှတ်ချက်များ အတိုင်းသာ ခိုင်းစေရမည်။

1) ကလေးများ ကျန်းမာရေးနှင့် ဖွံ့ဖြိုးမှုကို မထိခိုက် စေနိုင်သော
2) ကျောင်းချိန်နှင့် အားလပ်ချိန်များကို အနှောင့်အယှက် မဖြစ်စေသော
3) အရွယ်ရောက်ပြီးသော လူကြီးတစ်ယောက်ရဲ့ ကြီးကြပ်မှု ရှိသော
4) တစ်ပတ်တွင် ၁၄ နာရီထက်မကျော်သော အလုပ်များသာ ဖြစ်ရမည်။

***အလုပ်သမားများ၏ အသက်ကို သေချာစွာ မှတ်တမ်းရေးမှတ် ထားရမည်***

### လိုအပ်ချက် (၃၆) - ဘေးအန္တရာယ်များသောလုပ်ငန်း

အသက် ၁၈ နှစ်ထက်ငယ်သော လုပ်သားများကို ဘေးအန္တရာယ်များပြီး ကျန်းမာရေး ထိခိုက်စေနိုင်သော လုပ်ငန်းများတွင် ခန့်အပ်ထားခြင်းမပြုရ။

- အသက် ၁၈ နှစ်ထက်ငယ်သော လုပ်သားများကို ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ (သို့) နှစ်ရပ်စလုံးကို ထိခိုက်စေနိုင်သော (သို့) အန္တရာယ်များသော အလုပ်များတွင် မခိုင်းစေရ။ အန္တရာယ်ဖြစ်စေသော လုပ်ငန်းများတွင် အောက်ပါအချက်များ ပါဝင်သည်။

1) အန္တရာယ်များသော နေရာတွင်အလုပ်လုပ်ခြင်း
2) အန္တရာယ်ရှိသော ပစ္စည်းကိရိယာတို့ဖြင့်လုပ်ကိုင်စေခြင်း (နိုင်ငံပိုင်ဥပဒေ စည်းမျဉ်းစည်းကမ်းနှင့်အညီ သတ်မှတ်သည်)
3) အလွန်လေးလံသောပစ္စည်းများသယ်ပိုးခြင်း
4) အန္တရာယ်ရှိသောအခြေအနေတွင် အလုပ်လုပ်ခြင်း
5) ညပိုင်းအလုပ်များခိုင်းစေခြင်း။

***အလုပ်သမားများ အသက်အား အမြဲစိစစ် မှတ်တမ်းတင် ထားသည်။***

- အကယ်၍ တောင်သူတွင် အသက် ၁၈ နှစ်အောက် ကလေးများမရှိပါက လိုအပ်ချက် 36 ကို ထည့်သွင်းစဉ်းစားရန် မလိုပါ။
- အကယ်၍ တောင်သူတွင် ကျောင်းနေအရွယ် ကလေးများမရှိပါက လိုအပ်ချက် 37 ကို ထည့်သွင်းစဉ်းစားရန် မလိုပါ။
- အကယ်၍ တောင်သူမှ ငှားရမ်း အလုပ်သမားများမရှိပါက လိုအပ်ချက် 38, 39, 40, နှင့် 41 ကို ထည့်သွင်းစဉ်းစားရန် မလိုပါ။

## လိုအပ်ချက် (၃၇) - ပညာရေး

လယ်ယာမြေတွင် နေထိုင်သော ကျောင်းမဖြစ်မနေ တက်ရမည့်အရွယ် ကလေးငယ်များကို တစ်နှစ်ပတ်လုံး ကျောင်းတက်စေရမည်။

## လိုအပ်ချက် (၃၈) - ဖိအားပေး၍ ခိုင်းစေခြင်း

ဖိအားပေးစေခိုင်းခြင်း(သို့) ကျွန်အဖြစ်ခိုင်းစေခြင်းမရှိရ လူမှောင်ခိုများနှင့် အကျဉ်းသားများ၊ အကြွေးကို လုပ်အားဖြင့် ဆပ်ရသော အလုပ်သမားများ၊ ဖိအားပေးခိုင်းစေထားသော အလုပ်သမားများ အားလုံးသက်ဆိုင်မှုရှိသည်။

အောက်ပါ စံများနှင့်ကိုက်ညီမှုရှိရမည်။

(1)ရေရှည်အလုပ်လုပ်စေရန်အတွက် အလုပ်သမား၏ လစာ ၊ အကျိုးအမြတ်များ၊ ပိုင်ဆိုင်မှု နှင့် စာရွက်စာတမ်းများ (ဉပမာ - နိုင်ငံသားမှတ်ပုံတင်နှင့် ခရီးသွားခွင့်မှတ်တမ်းများ) စသည်တို့ကို သိမ်းထားခြင်း မပြုလုပ်ရပါ။

(2)အလုပ်သမားများထံမှ အလုပ်ရှာခ၊ အလုပ်ခန့်ခများကို (အလုပ်အကိုင် ရှာဖွေရေး အေဂျင်စီများကို ပေးသွင်းရန်) လုပ်အားခမှ ဖြတ်တောက်ခြင်း မပြုလုပ်ရပါ။

(3)လုပ်ငန်းခွင်ပြီးချိန်တွင် အလုပ်သမားများကို လွတ်လပ်စွာ သွားလာခွင့် ပေးရပါမည်။

(4)ပုံမှန်အလုပ်သမားများ၏ အလုပ်ချိန်သည် ၁ ပတ် ၄၈ နာရီထပ်မကျော်ရ။ ၆ ရက်ဆက် အလုပ်လုပ်ပြီးပါက နားရက် အနည်းဆုံး ၁ ရက် ထားပေးရမည်။

(5)စာချုပ်ထားသော အလုပ်သမားများ၏ သားသမီးနှင့် ဇနီး/ခင်ပွန်းအား လယ်ထဲတွင် ဖိအားပေးခိုင်းစေခြင်း မပြုလုပ်ရ။

(6)လူကုန်ကူးခြင်းတွင်ပါဝင်မှု (သို့) လူကုန်ကူးမှု ကိုခွင့်ပြုသော ဖြစ်စဉ်များတွင် မပါဝင်ရ။

## လိုအပ်ချက် (၃၉) - ခွဲခြားဆက်ဆံခြင်း

မိသားစု လုပ်သားများ အပါအဝင် အလုပ်သမားများ အပေါ်တွင် ခွဲခြားဆက်ဆံခြင်း (သို့) သိက္ခာမရှိသော အပြုအမူများ မပြုလုပ်ရပါ။ အောက်ပါ စံ အခြေအနေများအတိုင်း ခိုင်းစေရပါမည်။

1. လိင်မှုဆိုင်ရာ၊ လူမျိုး၊ ဘာသာ၊ နိုင်ငံသား၊ မသန်မစွမ်းဖြစ်ခြင်း၊ ကျားမခွဲခြားရေး၊ ကိုယ်ဝန်သည် နှင့် မတူညီသော အဖွဲ့အစည်းတွင် အသင်းဝင် ဖြစ်ခြင်း (သို့) နိုင်ငံရေးအသင်းအဖွဲ့ဝင်ဖြစ်ခြင်း စသည်တို့ကို အခြေခံ၍ ခွဲခြားဆက်ဆံခြင်းမပြုရ။
2. အလုပ်ခန့်ထားခြင်း၊ အလုပ်တာဝန်ပေးအပ်ခြင်း၊ သင်တန်းပေးခြင်း၊ အကျိုးအမြတ်များ၊ လုပ်ခပေးအပ်ခြင်း၊ ကြိုတင်ပေးငွေများ၊ အလုပ်တာဝန်ရပ်ဆိုင်းခြင်း၊ အလုပ်မှအငြိမ်းစားပေးခြင်း (သို့) အခြားလုပ်သားခံစားခွင့် နှင့် ပက်သက်သော ဆုံးဖြတ်ချက်များတွင် ခွဲခြားဆက်ဆံခြင်းများ မပြုလုပ်ရပါ။
3. အခြားအလုပ်နှင့် မသက်ဆိုင်သော ဆေးစစ်ဆေးခြင်းများ မပြုလုပ်ရ။ (ဥပဒေအရ မူးယစ်ဆေးဝါး စစ်ဆေးမှုမှအပ)
4. လိင်ပိုင်းဆိုင်ရာ အိန္ဒြေပျက်ပြားစေသော အနိုင်ကျင့်မှုများ ချိန်ခြောက်မှုများကို နှုတ်အားဖြင့် ဖြစ်စေ၊ အပြုအမူအားဖြင့်ဖြစ်စေ၊ ရုပ်အားဖြင့်ဖြစ်စေ ကျူးလွန်ခြင်း မပြုလုပ်ရပါ။
5. အနိုင်ကျင့်ခြင်း(သို့) ကိုယ်ထိလက်ရောက် အပြစ်ပေးခြင်းများ မပြုလုပ်ရ။

## လိုအပ်ချက် (၄၁) - အဖွဲ့အစည်းပိုင်းဆိုင်ရာ လွပ်လပ်ခွင့်

အလုပ်သမားများသည် မိမိကြိုက်နှစ်သက်ရာ အဖွဲ့အစည်းများတွင်ပါဝင်ခွင့် (သို့/နှင့်) အသင်းများ တည်ထောင်ခွင့်ရှိပြီး အလုပ်အခြေအနေနှင့် ပတ်သက်ပြီး ညှိနှိုင်းခွင့်လည်းရှိပါသည်။ နှောင့်ယှက်တားမြစ်ခြင်း မပြုရပါ။
အောက်ပါ ဖော်ပြချက်များနှင့် ကိုက်ညီရပါမည်။

1) အလုပ်သမားများကို အတွင်းအဖွဲ့အစည်းများ (တောင်သူကိုယ်စားလှယ် အဖွဲ့များစသည်)နှင့် ပြင်ပအဖွဲ့အစည်းများ (ကုန်သည်များအစုအဖွဲ့)တို့တွင်ပါဝင်ပြီး လုပ်ပိုင်ခွင့်အခြေအနေများနှင့် ပက်သက်၍ ညှိနှိုင်းဆွေးနွေးခြင်းကို လက်ခံရပါမည်။
2) စိုက်ခင်းတွင် လုပ်သားအဖွဲ့အစည်းများမှ ဆွေးနွေးပွဲများ၊ လုပ်ငန်းစဉ်များ လုပ်ကိုင်ဆောင်ရွက်ခြင်းကို ခွင့်ပြုရပါမည်။
3) လုပ်သားအဖွဲ့အစည်းများတက်ကြွစွာ လှုပ်ရှားနေခြင်းကို တားဆီးပိတ်ပင်ခြင်းမပြုလုပ်ရ၊ ထိုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို ခွဲခြားဆက်ဆံခြင်းများလည်း မပြုလုပ်ရပါ။
4) သဘောတူညီညှိနှိုင်းထားသော အချက်များရှိပါက ၎င်းအတိုင်းသာ အလုပ်သမားများကို ခိုင်းစေရမည်။

## လိုအပ်ချက် (၄၁) - လုပ်ခလစာ

အောက်ပါစံများနှင့်ကိုက်ညီရမည်။

- ဒေသတွင်း သတ်မှတ်ထားသော စံချိန် စံနှုန်းများနှင့်အညီ လုပ်ခလစာကို ပြည့်မှီအောင် ပေးဆောင်ရမည်။ လုပ်ခလစာနှင့်
- ပတ်သက်ပြီး အလုပ်သမားအဖွဲ့အစည်းများမှ ကြားနေညှိနှိုင်း ဆောင်ရွက်ပေးထားပါက ညှိနှိုင်းထားတဲ့နှုန်းထားအတိုင်း ပေးချေရမည်။ တူညီသော လုပ်အားအတွက် ယောကျာ်းမိန်းမ တန်းတူလုပ်အားခဖြစ်ရမည်။
- လုပ်ခလစာကို အချိန်မှီပေးခြင်း (သို့) ပုံမှန်အချိန် သတ်မှတ်၍ ပေးခြင်းတို့ကိုဆောင်ရွက်ရပါမည်။
- လုပ်ခလစာကို တရားဝင် ငွေကြေးဖြင့် ပေးဆောင်ခြင်း (သို့) အမှီအခိုကင်းစွာဖြင့်  လုပ်သားများမှ လက်ခံနိုင်သော ပုံစံဖြင့် ပေးချေခြင်း တို့ပြုလုပ်ရပါမည်။
- အချိန်ပိုဆင်းပါက ဒေသတွင်းသတ်မှတ်ထားသော နှုန်းထား (သို့) ကြားနေအဖွဲ့အစည်းတစ်ခုမှ ညှိနှိုင်း ထားပေးပါက ၎င်းနှုန်းထားအတိုင်းပေးချေရပါမည်။

## အခန်း (၁) စိုက်ခင်းစီမံခန့်ခွဲမှု (အနှစ်ချုပ်)

(1) စိုက်ခင်းစီမံခန့်ခွဲမှုအတွက် အဓိကလိုအပ်ချက် ၃ ချက် ရှိပါတယ်။
- သီးနှံပြက္ခဒိန်
- ကွင်းမှတ်တမ်းများ သိမ်းဆည်းခြင်း
- သင်တန်းများ

(2) စိုက်ခင်းစီမံခန့်ခွဲမှုဟာ သွင်းအားစုများ အကျိုးရှိစွာ အသုံးချနိုင်ရေး၊ အထွက်တိုးရေးနဲ့ အကျိုးအမြတ်တိုးရေး တို့အတွက် ကွင်းဆင်းစစ်ဆေးရာတွင် ကူညီသလိုပဲ ရေရှည်တည်တံ့ ခိုင်မြဲသော စိုက်ပျိုးထုတ်လုပ်မှုအတွက် မရှိမဖြစ်လိုအပ်သောအရာ ဖြစ်ပါတယ်။

(3) ကွင်းမှတ်တမ်းများ မှတ်သားသိမ်းဆည်းခြင်းက ကုန်ကျစရိတ်များ စစ်ဆေးရာမှာ အသုံးဝင်သလို SRP အသိအမှတ်ပြု လက်မှတ် ရရှိစေရန် ထောက်ပံ့ပေးပါတယ်။

## အခန်း (၂) ရာသီအကြိုပြင်ဆင်မှု (အနှစ်ချုပ်)

(1) စိုက်ခင်းမြေ၏ အရည်အသွေးကို ကောင်းစေခြင်း၊ ဘေးဥပါဒ် အန္တရာယ်များမှ ကင်းဝေးစေခြင်း၊ စိုက်ပျိုးမြေကို ကောင်းစွာ ပြင်ဆင်နိုင်ခြင်းနှင့် အထွက်နှုန်းကို ပိုမို ကောင်းမွန်စေနိုင်ခြင်း စသည်တို့ကြောင့် ရာသီအကြိုပြင်ဆင်မှုသည် စပါးသီးနှံ သက်တမ်း တစ်လျှောက်လုံးအတွက် အလွန်အရေးပါသော အခန်းကဏ္ဍအဖြစ်ပါဝင်ပါသည်။

(2) အန္တရာယ်ရှိသော ဓာတုဓာတ်ကြွင်းများ စိုက်ခင်းတွင် ပါဝင်ပါက စပါးပင်မှ စုပ်ယူသွားတတ်သဖြင့် စားသုံးသူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။ ဓာတုဓာတ်ကြွင်းများ ကျရောက်နိုင်ခြေရှိမရှိကို အဖွဲ့လိုက်စစ်ဆေးမေးမြန်းခြင်းဖြင့် အကဲဖြတ်လေ့လာနိုင်သော်လည်း ကျရောက်နိုင်ခြေရှိပါက ဓာတ်ခွဲစမ်းသပ်ရန် လိုအပ်ပါသည်။

(3) ဓာတ်ကြွင်းအာနိသင်များ ကျရောက်နိုင်ခြင်း ရှိမရှိကို အကဲဖြတ်ရန် SRP မှပြသထားသည့် အကဲဖြတ်စစ်တမ်းကို အသုံးပြုနိုင်ပါသည်။

## အခန်း (၃) ရေအသုံးချခြင်း (အနှစ်ချုပ်)

(1) စပါးသည် ရေအလွန်ဆာသော အပင်ဖြစ်ပါသည်။ ရေရှည်တည်တံ့ခိုင်မြဲသည့် စိုက်ပျိုးခြင်းအတွက် စိုက်ပျိုးရေကို အကျိုးရှိအောင် စီမံခန့်ခွဲဖို့ လိုပါသည်။

(2) ရေစီမံခန့်ခွဲမှုသည် သွင်းအားစုကို အကျိုးရှိစွာ အသုံးချနိုင်ဖို့အတွက် အထောက်အကူ ပြုသလို ဖန်လုံအိမ်ဓာတ်ငွေ့ကိုလည်း သိသာစွာ လျှော့ချပေးနိုင်တဲ့ အဓိကအချက် တစ်ခု ဖြစ်ပါသည်။

(3) တောင်သူတစ်ယောက်က မိမိရဲ့စိုက်ခင်းက ဘယ်လိုရေအသုံးချ စိုက်ပျိုးတဲ့စနစ်တစ်ခု ဖြစ်သလဲဆိုတာကို ပထမဆုံး နားလည်ဖို့ လိုပါတယ်။

(4) အသုံးပြုတဲ့ရေရဲ့ အရည်အသွေးက အစားအစာဘေးကင်းလုံခြုံမှုနဲ့ သီးနှံရဲ့အရည်အသွေးအတွက် အလွန်အရေးကြီးပါတယ်။

(5) ဓာတ်မြေဩဇာများ၊ ဓာတုဆေးဝါးများ ပက်ဖြန်းပြီးချိန်တွင် ရေကိုအချိန်အတိုင်းအတာ တစ်ခုအထိစောင့်၍ ဖောက်ထုတ်ရပါမည်။

## အခန်း (၄) အပင် အဟာရ (အနှစ်ချုပ်)

(1) ဓာတ်မြေသြဇာကို အချိန်ကိုက် ထည့်သွင်းခြင်းနှင့် လိုအပ်သော ပမာဏ ထည့်သွင်းခြင်းက အမြတ်အစွန်း ရရှိစေခြင်း၊ ဆန်စပါး အရည်အသွေးနှင့် အထွက်မှီစေရေးတို့ အပေါ် များစွာ အကျိုးသက်ရောက်မှု ရှိပါသည်။

(2) ဓာတ်မြေသြဇာ ထည့်သွင်းခြင်းအပြင် အခြား သဘာဝနည်းလမ်းများ ဖြင့်လည်း မြေဆီလွှာအဟာကို မျှတကောင်းမွန်အောင် ပြုလုပ်နိုင်ပါသေးသည်။

(3) သဘာဝမြေဆွေးများကို ကောင်းမွန်မှန်ကန်စွာ စည်းစနစ်တကျ မထည့်သွင်းပါက ဖန်လုံအိမ်ဓာတ်ငွေ့ ပိုမိုထုတ်လွှတ်အောင် ကူညီသကဲ့သို့ ဖြစ်ပါလိမ့်မည်။

(4) အကောင်းဆုံး မြေဆီလွှာနှုန်းထား အကြံပြုချက်မှာ မြေစစ်ဆေးစမ်းသပ်ချက်ပေါ်တွင်သာမူတည်၍ ဆုံးဖြတ်နိုင်ပါသည်။

(5) မြေဆီလွှာ စီမံခန့်ခွဲမှုလိုအပ်ချက် အမှတ် (R15) သည် အခြား SRP စံနှုန်း လိုအပ်ချက်များနှင့် ယှဉ်လျှင် ပေးမှတ် အများဆုံးဖြစ်ပါသည်။

## အခန်း (၅) ဘက်စုံပိုးမွှားကာကွယ်ရေး (အနှစ်ချုပ်)

(1) ဘက်စုံ ပိုးမွှားကာကွယ်နှိမ်နင်းရေးတွင် ခေါင်းစဉ် ၆ ခုရှိပါသည်။

(2) ကောင်းမွန်သော ကြိုတင်ကာကွယ်မှုနှင့် ပုံမှန်ကွင်းဆင်းစစ်ဆေးခြင်းတို့က ပျက်စီးဆုံးရှုံးမှုကို လျော့ကျစေရုံမျှမက ကုန်ကျစရိတ်ကိုလည်း သက်သာစေပါလိမ့်မည်။ (ဥပမာ - သွင်းအားစု ကုန်ကျစရိတ်)

(3) ပိုးသတ်ဆေးများကို ဖျက်ပိုးကျရောက်မှု အန္တရာယ်စိုးရိမ်အမှတ်ကျော်သော အချိန်နှင့် စိုက်ခင်းကို သိသိသာသာ ထိခိုက်စေသောအချိန် (သို့) ဆုံးရှုံးမှုအန္တရာယ် ဖြစ်နိုင်ချေရှိသော အခါမှသာ သုံးစွဲရပါမည်။

(4) မရည်ရွယ်ပဲ ပျက်စီးဆုံးရှုံးမှု မဖြစ်စေရန် နှိမ်နင်းလိုသော ပိုးမွှားကိုသာ သေချာပစ်မှတ်ထား၍ နှိမ်နင်းရန် လိုအပ်ပါသည်။

(5) SRP စနစ် လိုအပ်ချက်များအောက်တွင် တားမြစ်ထားသော ဆေးများ၊ အတုအပဆေးများနှင့် တရားမဝင် ဆေးများကို လုံးဝ အသုံးမပြုရန် လိုအပ်ပါသည်။

## အခန်း (၆) ရိတ်သိမ်းချိန်နှင့် ရိတ်သိမ်းချိန်လွန် နည်းပညာ (အနှစ်ချုပ်)

(1) အချိန်ကိုက်ရိတ်သိမ်းခြင်းသည် စပါး၏ အရည်အသွေးကို သိသိသာသာ ကောင်းမွန်စေပါသည်။

(2) စက်ဖြင့် အခြောက်ခံခြင်းက နေလှန်းခြင်းထက် ပိုမိုကောင်းမွန်သဖြင့် ရိတ်သိမ်းပြီးပြီးချင်း အခြောက်ခံစက်ရှိရာသို့ ပို့ဆောင်ရန် အကြံပြုပါသည်။

(3) စပါးရိုးပြတ်များ (သို့) ကောက်ရိုးများသည် မြေဆွေးအဖြစ်ပြောင်းလဲရန် အချိန်အတိုင်းအတာ တစ်ခုအထိ ခြောက်သွေ့စွာ ထားရန် လိုအပ်ပါသည် သို့မဟုတ်ပါက အထူးသဖြင့် ရေလွှမ်းထားသောအချိန်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်နိုင်သော ဘေးအန္တရာယ် ရှိနိုင်ပါသည်။

(4) စပါးရိုးပြတ်များ (သို့) ကောက်ရိုးများကို မီးရှို့ခြင်းအားဖြင့် အပင်မှစုပ်ယူထားသော ဖန်လုံအိမ်ဓာတ်များကို လေထုထဲသို့ ပြန်လည်ထုတ်လွှတ်ပေးနိုင်ပြီး မီးသိန်းဓာတ် အနည်းငယ်ကိုလည်း ထုတ်လွှတ်သဖြင့် လေထုညစ်ညမ်းမှုကို ဖြစ်စေနိုင်ပါသည်။

## အခန်း (၇) ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှု (အနှစ်ချုပ်)

(1) အထူးသဖြင့် ပိုးသတ်ဆေးဖြန်းသူနှင့် ၎င်းတို့၏ မိသားစုများတွက် ပိုးသတ်ဆေးကို တာဝန်သိသိ သုံးစွဲဖို့ရာ လွန်စွာအရေးကြီးပါသည်။

(2) ဆေးဖြန်းသူတစ်ယောက်အနေဖြင့် ဓာတုဆေးများ၏ အန္တရာယ်ရှိမှုကို အညွှန်းများ ဖတ်ရှုချင်းအားဖြင့် သိရှိနားလည်ပြီး ဘေးသင့်မှု အနည်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်ရမည်။

(3) SRP စံချိန်စံညွှန်းများသည် ပိုးသတ်ဆေးကို အနည်းဆုံးနှင့် အထိရောက်ဆုံး သုံးနိုင်ရန် အားပေးထားပါသည်။ အကယ်၍ တောင်သူများက ပိုးသတ်ဆေး အသုံးမပြုပါက ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှု အခန်းကဏ္ဍတွင် အလိုလျောက် အမှတ်အပြည့်ရပြီးသာ ဖြစ်ပါသည်။

(4) အကယ်၍ ပိုးသတ်ဆေးကို သုံးစွဲရပါကလည်း၊ တာဝန်သိသိ ကိုင်တွယ်သုံးစွဲပါက အမှတ်အမြင့်ဆုံးရရှိ နိုင်ပါသေးသည်။

## အခန်း (၈) အလုပ်သမား အခွင့်အရေး (အနှစ်ချုပ်)

(1) SRP စံချိန်စံနှုန်းများသည် နိုင်ငံတကာအသိအမှတ်ပြုထားသော အချက်များပေါ်အခြေခံ၍ ရေးဆွဲထားသော အလုပ်သမားအခွင့်အရေးများကို လက်ကိုင်ထားပါသည်။

(2) အကယ်၍ ILO မှ အသိအမှတ်ပြုထားသော အချက်များနှင့် မိမိတို့၏နိုင်ငံမှာ ဥပဒေများနှင့် ကွဲလွဲမှုရှိပါက ပိုမိုတင်းကျပ်သော စည်းကမ်းကို လိုက်နာဆောက်ရွက်ပါ။

(3) SRP စံချိန်စံနှုန်းများသည် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံအသီးသီးတို့ သဘောတူထားသော အလုပ်သမားအခွင့်အရေး ဆိုင်ရာလိုအပ်ချက်များကို အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန်အားပေးပါသည်။

- ကလေးလုပ်သားများ လျော့ချရေးနှင့် ကလေးငယ်တို့၏ အခွင့်အရေးကို ကာကွယ်ခြင်း
- အလုပ်သမားများ သာတူညီမျှရှိရေးနှင့် လွပ်လပ်ခွင့်ကို ပိတ်ပင်တားဆီးမှု မရှိစေရေး
- အမျိုးသမီးများ၏ အခွင့်အရေး တန်းတူညီမျှရေး

Climate Smart Rice

HELVETAS MYANMAR

PRIME

SRP Sustainable Rice Platform

UN environment programme